## မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၀၀)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် ရုပ်တရား၊ နာမ်တရားတို့၏ရှေ့ဆောင်၊ ကြီးမှူး၊ ဖန်တီးသူဖြစ်၏။ အကြင်သူသည် ကောင်းမွန်ကြည်လင်သော စိတ်ဖြင့် ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း အရိပ်သည် လူ၏နောက်သို့ ကပ်၍ပါသကဲ့သို့ ချမ်းသာခြင်းသည် ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ ကပ်၍ပါလေ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ထိုင်းနိုင်ငံမှ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိ

ညောင်ဦး ဇူလိုင် ၂၆


မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ထိုင်းနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ထိုမှ ပုဂံ-ညောင်ဦးလေဆိပ်သို့ ယနေ့ မွန်းတည့် ၁၂ နာရီအချိန်က ရောက်ရှိခဲ့ကြောင်းသိရသည်။ စာမျက်နှာ ၁၆ ကော်လံ ၄ ❐

# မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ(ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်)ကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့(Sittwe)၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၂၅၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ်မြို့(Paradip)၏အရှေ့-အရှေ့မြောက်ဘက် စာမျက်နှာ ၁၄ ကော်လံ ၁ ➢




**ဆောင်းပါး**

**အမျိုးသားစည်းလုံးညီညွတ်မှုနဲ့ ထာဝရငြိမ်းချမ်းရေး အခွင့်အခါကောင်း**
စာ - ၁၁ သို့

**ပန်းတိုင်အထွက်နှုန်းဆီသို့ ချီတက်မည့် မြန်မာ့ဝါစိုက်ပျိုးရေး**
စာ - ၁၅ သို့

# အင်းစိန်မြို့နယ်၌ စာဖတ်ရှိန်မြင့်မားလာစေရေး ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေး

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတများတိုးပွားပြီး စာဖတ်ရှိန်ပိုမိုမြင့်မားလာစေရန်ရည်ရွယ်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လက်ဝယ်အရောက် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးလျက်ရှိရာ စာမျက်နှာ ၁၆ ကော်လံ ၄ ❍



# သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည်နောက် ၁၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

**တာချီလိတ်မြို့နယ် မိုင်းပါလှျိုးကျေးရွာအုပ်စုတွင် ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုတိုးမြင့်ရန် MPT မိုဘိုင်းစခန်းသစ် ဖွင့်လှစ်**
စာ - ၁၂ သို့

# ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေး

**သတင်းကြေညာချက်**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များခိုလှုံနိုင်ရန်အတွက် စာမျက်နှာ ၁၀ ကော်လံ ၁ ◆◆

# မိုင်းနားအခြေပြု ကံပိုင်တည်နယ်စပ် ကုန်သွယ်ရေးစခန်းအား ဆွတ်ဘွမ်ကုမ္ပဏီပိုင် ကုန်ချိန်းကွင်းအတွင်း ပြောင်းရွှေ့ဖွင့်လှစ်သွားမည်
စာ - ၁၆ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၇ ရက်)

# ပြည်သူအားလုံးရှင်ပြူးဖို့ ဆိုလာစနစ်သုံးကြစို့

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းများအတွင်းသို့ သင့်တင့်သည့် အချိုးအစားဖြင့် ဆိုလာစနစ်အား ထည့်သွင်းနိုင်ရေးနှင့် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ မိမိတို့အစီအစဉ်ဖြင့် Solar Home System စနစ်အား တပ်ဆင်အသုံးပြုနိုင်ရေးနည်းလမ်းနှစ်ခုဖြင့် အားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ၁၅ ရက်က နေပြည်တော်တွင်ကျင်းပရာ ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့်ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ ဆိုလာနည်းပညာဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စိတ်ပါဝင်စားသူများတက်ရောက်ခဲ့ကြသည်။ ဆိုလာစနစ်ဆိုသည်မှာ ကမ္ဘာမြေကြီးက လူသားအားလုံးကို အညီအမျှပေးထားသည့် အမြဲတမ်းမကုန်ခန်းနိုင်သော စွမ်းအင်ဖြစ်သည်။ အဆိုပါစွမ်းအင်ကို အကျိုးရှိရှိအသုံးချနိုင်ပါက နိုင်ငံအတွက် လိုအပ်နေသည့် လျှပ်စစ်စွမ်းအားကို အချိန်တိုအတွင်းမှာ အမြန်ဆုံးရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ရေအားလျှပ်စစ်နှင့်သဘာဝဓာတ်ငွေ့အပေါ် ရပ်တည်နေခြင်းဖြစ်သည်။ ရေအားလျှပ်စစ်ထုတ်လုပ်မှုတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် အကြမ်းဖက်သောင်းကျန်းသူတို့၏နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် စိန်ခေါ်မှုများရှိနေသည်။ ထို့ပြင် ကမ္ဘာ့စွမ်းအင်ဈေးနှုန်းမြင့်တက်မှုများသည်လည်း နိုင်ငံ၏စွမ်းအင်ပြည့်ဝရေးအတွက် အခက်အခဲတစ်ရပ်အသွင်ဖြစ်လာသည်။ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်ခေါ် ဆိုလာလျှပ်စစ်စွမ်းအင်ကိုအသုံးပြုရန် အခြေအနေများပိုမိုဖန်တီးလာနေပြီဖြစ်သည်။

ဆိုလာစွမ်းအင်မှာ နေရောင်ခြည်ကရသည့်အတွက် သန့်ရှင်းသော စွမ်းအင်ဖြစ်သည်။ တွင်းထွက်ရေနံက အကန့်အသတ်စွမ်းအင်ဖြစ်၍ ရှားပါးလာနိုင်သော်လည်း ဆိုလာက တစ်အိမ်ချင်း လွယ်လွယ်ကူကူတပ်ဆင်အသုံးပြု၍ရသည်။ အိမ်တစ်အိမ်တွင် ၃ ကီလိုဝပ် သုံးမည်ဆိုပါက ၅ ကီလိုဝပ် ဆိုလာစနစ်တပ်ဆင်ထားလိုက်သည်နှင့် လွယ်လွယ်ကူကူအသုံးပြု၍ရသည်။ မြန်မာနိုင်ငံတွင် ဆိုလာစနစ်ဆောင်ရွက်လာသည့်အခါ လျှပ်စစ်မီးပိုမိုရရှိလာပြီး နိုင်ငံတော်အတွက် အထောက်အကူလည်း ဖြစ်စေသည်။ ယခုဆိုလျှင် အိမ်များ၊ စက်ရုံများတွင် တစ်နိုင်တစ်ပိုင်ဆိုလာလေးတွေကို တပ်ဆင်ပြီးအသုံးပြုလာကြပြီဖြစ်သည်။

နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းမရသည့်နေရာများတွင် ဆိုလာစနစ်များ တပ်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။ ဆိုလာစနစ်ကို အသုံးပြုမည့်သူများအတွက် ကနဦးတပ်ဆင်ကုန်ကျစရိတ်ရှိပေမယ့် zero carbon ဖြစ်သည်။ ရေရှည်အတွက် အကျိုးရှိပြီးသန့်စင်သည့် စွမ်းအင်ဖြစ်၍ အသုံးပြုသင့်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် နေ့စဉ်လူမှုစီးပွားဘဝများအတွက် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်အရေးပါသည့်အလျောက် ရာနှုန်းပြည့်ဖြည့်ဆည်းနိုင်သည်အထိ နိုင်ငံတော်က နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ စွမ်းအင်အရင်းအမြစ် (Energy Mix)မှာ သဘာဝဓာတ်ငွေ့မှ ၅၆ ရာခိုင်နှုန်းခန့်၊ ရေအားမှ ၄၀ ရာခိုင်နှုန်းခန့်အပေါ်တွင် အဓိကအားထားနေရပြီး နေရောင်ခြည်စွမ်းအင်မှ ဓာတ်အားထုတ်လုပ်မှုမှာ စုစုပေါင်းဓာတ်အား ထုတ်လုပ်မှု၏ ၃ ဒသမ ၅၈ ရာခိုင်နှုန်းသာ ရှိနေသေးသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၂၄ ရုံ၊ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ ၂ ရုံနှင့် နေရောင်ခြည်စွမ်းအင် (ဆိုလာ)ဓာတ်အားပေးစက်ရုံ ၁၂ ရုံတို့မှ စုစုပေါင်း စက်တပ်ဆင်အင်အား ၆၇၂၅ မဂ္ဂါဝပ်ရှိသော်လည်း စက်စွမ်းအားပြည့်မောင်းနှင်နိုင်ခြင်းမရှိသေးပေ။ စက်စွမ်းအားပြည့် မောင်းနိုင်ပါက မဂ္ဂါဝပ် ၃၄၀၀ မှ ၄၀၀၀ ခန့် ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဆိုလာစွမ်းအင်ထုတ်လုပ်နိုင်မှုအလားအလာ အကြီးမားဆုံးနိုင်ငံများတွင်ပါဝင်သည်။ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းများသည် နေရောင်ခြည်လွန်စွာကောင်းမွန်အောင် ရရှိပြီး တစ်နှစ်ပတ်လုံး ဆိုလာစွမ်းအင်အထွက်နှုန်းကို အမြင့်ဆုံးရရှိနိုင်သည်။ မြန်မာနိုင်ငံတွင် နွေရာသီကာလ ရေအားလျှပ်စစ်ထုတ်လုပ်မှုကျဆင်းချိန်တွင် နေရောင်ခြည်စွမ်းအင်ဓာတ်အားကို အမြင့်ဆုံးထုတ်လုပ်ပေးနိုင်ခြင်း၊ မိုးရာသီ ဆိုလာလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုကျဆင်းချိန်တွင် ရေအားလျှပ်စစ်ကိုပိုမိုထုတ်လုပ်ပေးနိုင်ခြင်း၊ ဆိုလာဓာတ်အားပေးစီမံကိန်းများမှာ တည်ဆောက်မှု အချိန်ကာလတိုတောင်းခြင်း၊ မြန်မာနိုင်ငံ၏နေရောင်ခြည်စွမ်းအင်အရင်းအမြစ် ပေါများကြွယ်ဝခြင်း စသည်တို့ကြောင့် မိမိတို့နိုင်ငံ၏ စွမ်းအင်အရင်းအမြစ်တွင် နေရောင်ခြည်စွမ်းအင်မှာ ယခုလက်ရှိပါဝင်မှုထက် များစွာပိုမိုပါဝင်ရန်လိုအပ်သည်။

ဆိုလာလျှပ်စစ်စွမ်းအင်ကိုအသုံးပြုခြင်းမှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းပေးရုံသာမက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လောင်စာဆီအသုံးပြုမှုလျှော့ချရေးနှင့် ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးတို့အတွက် ကောင်းကျိုးများဖြစ်ထွန်းစေသည်။ အနှစ်ချုပ်ဆိုရသော် လူမှုစီးပွားဘဝများပိုမိုတိုးတက်ရေးအတွက် ဆိုလာသည်အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ပါကြောင်း။ ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ကဝ ဇူလိုင် ၂၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် သင်ဘန်းကန်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင်လ ၂၆ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့်ဝန်ထမ်းများက သင်ဘန်းကန်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ၄၀၀ဗို့ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက မှာကြားသည်။

အဆိုပါသင်ဘန်းကန်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၇ ဒသမ ၉ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သုတ**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၂၄(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၈:၄၅ သီချင်းလက်ဆောင်
၃။ ၀၉:၄၅ တွေးမယ်ဖြေမယ်
၄။ ၁၁:၁၀ ကမ္ဘာ့ရေးရာမှတ်သားစရာ
၅။ ၁၂:၁၅ လေးစားအတုယူစံနမူနာသူရဲကောင်းများ
၆။ ၁၂:၄၀ လူတိုင်းကျန်းမာသိမှတ်စရာ
၇။ ၁၄:၅၀ မှတ်သားလိုက်နာပုံပမာ
၈။ ၁၈:၂၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၉။ ၁၈:၃၅ ကျန်းမာသုတ
၁၀။ ၁၉:၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက်-ဒီရင်ကျယ် အပိုင်း(၁၀)**
၁၁။ ည ၈ နာရီ သတင်း အပြီး မိုးလေဝသသတင်း
၁၂။ Sharing Knowledge

### MWD Variety Channel

၂၇-၇-၂၀၂၄(တနင်္လာနေ့)

၁။ ၀၉:၄၅ စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ
၂။ ၁၀:၄၀ Countries of the World
၃။ ၁၂:၃၀ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
၄။ ၁၇:၄၀ ပရိသတ်အတွက် ကဗျာလက်ဆောင်

မြဝတီ နေ့စဉ် the Myawady Daily
Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ဒေါ်နှင်းဝတ်ရည်ဖွေး၊ဒေါ် ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တောင်ငူမြို့၌ တိုင်းရင်းသားရေးရာအသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းအခမ်းအနားကျင်းပ

တောင်ငူ ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှဦးဆောင်၍ တောင်ငူမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇူလိုင်လ ၂၅ ရက်က တိုင်းရင်းသားရေးရာ အသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းအခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလင်းအောင် တက်ရောက်ချီးမြှင့်သည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တိုင်းရင်းသားပြည်သူများက မိမိတို့၏အခွင့်အရေးများ မဆုံးရှုံးရအောင် ပူးပေါင်းပါဝင်ပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် အထူးလိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားအရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က တိုင်းရင်းသားအရေးဆိုင်ရာ ကော်မတီအကြောင်းသိကောင်းစရာများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သံယောဇဉ်မိုးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကိစ္စရပ်များ၊ တောင်ငူခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းမာဦးက အမျိုးသမီးများအခွင့်အရေး၊ မသန်စွမ်းအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ လူမှုရေးပင်စင်ကိစ္စရပ်များ၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဦးက တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများ၊ တောင်ငူခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအကြောင်း သိကောင်းစရာများကို အသီးသီးရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလင်းအောင်က အသိပညာပေးဟောပြောဆွေးနွေးပေးကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဧည့်သည်တော်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီးနောက် ဒေသခံတိုင်းရင်းသားများထံမှ ဌာနဝန်ထမ်းများက ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံစစ်တမ်းကောက်ယူနေမှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၁၀)

# နတ်မောက်မြို့နယ်၌ ပဲတီစိမ်းအထွက်နှုန်းတိုးတက်ရေး စံကွက်ရိတ်သိမ်း

နတ်မောက် ဇူလိုင် ၂၆

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပဲတီစိမ်းအထွက်နှုန်းတိုးတက်ရေး စံကွက်ရိတ်သိမ်းပွဲကို ဇူလိုင်လ ၂၅ ရက်က ဘုန်းတော်ပြည့်ကျေးရွာ ကွင်းအမှတ် (၁၂၀၃) တောင်သူ ဦးနိုင်ဝင်း၏ ပဲတီစိမ်းစိုက်ကွက်၌ ကျင်းပသည်။

အဆိုပါ ပဲတီစိမ်းစံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက နတ်မောက်မြို့နယ်၌ ပဲတီစိမ်း ၉၃၂၆၃ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိတွင် ၆၉၂၂ ဧက စိုက်ပျိုးထားကာ စိုက်ပျိုးရန်ကျန်ရှိသည့်ဧကများကို မိုးနှမ်းရိတ်သိမ်းပြီးပါက ဆက်လက် စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများအနေဖြင့် ရာသီဥတုနှင့်ပိုးမွှားရောဂါဒဏ်ကို ခံနိုင်ရည်ရှိသည့်မျိုးများကို ရွေးချယ်စိုက်ပျိုးကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါ ပဲတီစိမ်းအထွက်နှုန်းတိုးတက်ရေး စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ပဲတီစိမ်း ၂၂ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

တောင်သူများ ပဲတီစိမ်းစိုက်ဧကများ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာစေရန်နှင့် အထွက်နှုန်းများ မြင့်မားလာစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့် လက်တွဲကာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှဝင်း(ပြန်/ဆက်)

# စဉ့်ကိုင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေး

စဉ့်ကိုင် ဇူလိုင် ၂၆

ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့်အစိုးရတာဝန်ရှိသူများကြား ဆွေးနွေးတိုင်ပင်ရမည့်အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့်အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရရှိလာစေရန်နှင့် ပြည်သူလူထု၏စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့်အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာအုပ်စု ချောင်းပတ်ကျေးရွာ အောင်မင်္ဂလာခန်းမ၌ ဇူလိုင်လ ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုလ်အောင်မောင်မောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ဇော်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြို့၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသူဇင်၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်အိဖြိုး၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးရဲသူရ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချမ်းမြေ့ကျော်၊ အခြေခံပညာအထက်တန်းကျောင်း(စဉ့်ကိုင်) ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးသွင်တို့က မိမိတို့ဌာနအလိုက် လုပ်ငန်းကဏ္ဍဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း၍ ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

# မြောင်းမြခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၃၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

မြောင်းမြ ဇူလိုင် ၂၆

တောင်သူများအနေဖြင့် စပါးစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်စေရန်နှင့် အရည်အသွေးပြည့်မီစေရန် ရည်ရွယ်၍ မိုးစပါးများ အကောင်အထည်ဖော်စိုက်ပျိုးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ဧက ၃၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားဧက ၅၂၁၉၆၄ ဧကကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ မိုးစပါး ၃၄၅၈၂၄ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ မိုးစပါး ၃၄၅၈၂၄ ဧကတွင် ဝါးခယ်မမြို့နယ်၌ ၁၇၆၈၀၈ ဧက၊ အိမ်မဲမြို့နယ်၌ ၈၇၈၁၇ ဧက၊ မြောင်းမြမြို့နယ်၌ ၈၁၁၉၉ ဧကအထိ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

မြောင်းမြခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရန်ကျန်သည့် မိုးစပါးဧကများကို ဆက်လက်စိုက်ပျိုးလျက်ရှိပြီး ခရိုင်အတွင်း မိုးစပါးများ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စားရေရိက္ခာဖူလုံပေါများရေးနှင့်ပတ်သက်၍ ဆန်သည်အဓိကစားကုန်ဖြစ်သောကြောင့် စပါးကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၌ ဆန်စားသုံးမှုဖူလုံစေရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

သုတကျော်



# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

မိမိရီ။ ။ "ဒီတစ်ခေါက် ရွှေဘိုရောက်ရင် ဝတ်လုံကြီးတို့အိမ်ဝင်ဦးမလား"

မောင်ထွန်းမြတ်။ ။ "ဝင်ဦးမယ်"

မိမိရီ။ ။"ခင်စိန်ကြည်ကော ယောကျ်ားယူမယ့်အကြောင်းများ မကြားခဲ့ဘူးလား"

မောင်ထွန်းမြတ်။ ။ "ဟာ ... ကိုယ်ကြားခဲ့တာတွေအကုန်လုံး ဘယ်မှတ်မိနိုင်မလဲ၊ ကဲ... မိမိရီ ကျုပ်လည်း အဲဒီလမ်းကသွားရမယ်၊ လိုက်တော့မလား သွားကြစို့" ဟု ခင်စိန်ကြည်အကြောင်းကို မပြောချင်သောကြောင့် စကားစသတ်ပြီးလျှင် ထလေ၏။

အိမ်ပြင်သို့ရောက်လျှင် မိမိရီက"မဟုတ်ပါဘူး ကိုထွန်းမြတ်ရဲ့ ပြောစမ်းပါဦး၊ ခင်စိန်ကြည်တစ်ယောက် ယောကျ်ားယူမယ့်အကြောင်းများ မကြားခဲ့ဘူးလား"

မြတ်။ ။ "အေးလေ ကြားတာတွေကို အကုန်မမှတ်နိုင်ပါဘူးလို့ ပြောပြီးပြီ မဟုတ်လား"

ရီ။ ။ "ကဲ.. ပြန်စဉ်းစားပြီး ပြောစမ်းပါဦး၊ ကြားသလား မကြားဘူးလား"

မြတ်။ ။ "အလို တယ်ခက်ပါလား၊ သူယူချင်ယူမှာပေါ့"

ရီ။ ။ "ဘယ်သူ့ကိုတုံး"

မြတ်။ ။ "တစ်ခေါက်သွားတာနဲ့ ဘယ်သိနိုင်ဦးမှာလဲ၊ ဒီတစ်ခေါက်အပြန်ဖြင့် သိခဲ့လိမ့်မယ်ထင်တယ်"

ရီ။ ။ "အမယ် ဟုတ်တယ်ရှင့်၊ သိရအောင် မေးမြန်းပြီး မှတ်ခဲ့စမ်းပါ၊ ဝတ်လုံကြီးသားရှိတယ်ဆိုပါလား၊ သူနဲ့များ ထင်ပါရဲ့"

မြတ်။ ။ "တယ်အတွေးကောင်းပါကလား၊ သားကလေးကဖြင့် အခုမှ ငါးနှစ်လောက်ရှိသေးတယ်၊ တယ်သွက်လက်တဲ့သူငယ်ကလေး မိမိရီရေ၊ ကိုယ်တို့တော့ ကလေးများရရင် ဒီလိုကလေးမျိုးမှ လိုချင်တယ်" ဟု အမှတ်မဲ့ပြောလိုက်ရာ–

ရီ။ ။ "အလို တယ်တော်ပါကလား၊ လူပျိုကြီးလုပ်နေတော့မယ်လို့ အများကထင်နေကြတဲ့အထဲ၊ ကလေးတွေဘာတွေများ စိတ်ကူးလို့"

မြတ်။ ။"လူပျိုကြီးလုပ်နေတော့မယ်လို့ ဘယ်တုံးကပြောဖူးလို့လဲ"

ရီ။ ။"မပြောတတ်ပါဘူးရှင်၊ ဒီလိုထင်ကြတာပေါ့၊ အသက် ၃၀ ရှိလို့ သားမယားမယား..."

မြတ်။ ။ "ဘယ်တော့က ၃၀ ရှိသေးလို့လဲ၊ ၃၀ ရှိတဲ့အခါကျတော့ လူအိုဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဘယ်သူသိနိုင်သလဲ"

ရီ။ ။ "ဒါဖြင့် ရှင့်စိတ်ထဲကတော့ မှန်းထားတာ ရှိတယ်ပေါ့လေ"

မြတ်။ ။ "ဒါတော့ မရှိဘူးမပြောဘူးလေ၊ အချိန်တန်တော့ နွားပိန်ကန်လိမ့်မတဲ့၊ မကြားဖူးဘူးလား"

ထိုကဲ့သို့ မောင်ထွန်းမြတ်ပြောသည်ကို ကြားလျှင် မိမိရီသည် မိမိအားစောင်း၍ ပြောနေသည်မှတ်ရာ၍ ဘယ်ခြေလှမ်းရမှန်းကိုမျှ မသိဘဲရှိရှာ၏။ အိမ်ပေါက်သို့ ရောက်လျှင်... "မေမေနဲ့တွေ့ရအောင် မတက်ဘူးလား၊ မေမေကတောင် ရှင့်ကို ညနေကပဲပြောနေသေးတယ်၊ မောင်ထွန်းမြတ်တို့များ အခုတစ်လော တယ်စိမ်းနေတယ်တဲ့" ဟုပြောလျှင်–

"မတက်သေးဘူး မိမိရီရယ်၊ သွားစရာတွေကများသေးတယ်၊ မစိမ်းပါဘူးလို့ မိမိရီက ပြောလိုက်ပါတော့"

မောင်ထွန်းမြတ်သည် ရွှေဘိုသို့သွား၍ သုံးရက်မြောက်သည့်နေ့တွင် စာရေးကြီး ဦးသာဒွန်းသည် မဂျမ်းပုံထံလာ၍ "ဟောဒီမယ်အစ်မကြီး၊ ကိုထွန်းမြတ်ဆီက အစ်မကြီးဖို့ စာတစ်စောင်" "အလို မောင်ထွန်းမြတ်က ငါ့ဆီ စာများရေးလို့လား၊ ဘယ်တော့ပြန်ခဲ့မယ်တဲ့လဲ"

"မပြောတတ်ဘူး၊ ကျွန်တော့်စာထဲမှာတော့ ပြန်ဖို့အကြောင်းမပါဘူး" ဟု ပြောလျှင် မဂျမ်းပုံသည် စာကိုဖွင့်ဖတ်ရာ မိမိတစ်သက်တွင် ဤမျှလောက် မအံ့သြဖူးသည့်သတင်းကို ကြားရသည့်လက္ခဏာဖြင့် ကုလားထိုင်ပေါ်သို့ ပက်လက်လန်၍ လဲသွားလေ၏။ စာတွင်ပါရှိသည်ကား...

'ကျွန်တော် မောင်ဖြစ်သူ စာအားဖြင့် အကြောင်းကြားလိုက်ပါသည် အစ်မကြီးခင်ဗျား၊ ကျွန်တော်သည် ကွယ်လွန်သူ စစ်ကဲကြီး ဦးထင်ကျော်၏သမီး ခင်စိန်ကြည်နှင့် ထိမ်းမြား၍ပြီးပါကြောင်း၊ နောက်စာတွင် အကြောင်းစုံထည့်၍ ရေးလိုက်မည်ဖြစ်ပါကြောင်း'

**မောင်ထွန်းမြတ်**

မဂျမ်းပုံလည်း စာကိုဖတ်ပြီး၍ စကားပြောနိုင်သောအဖြစ်သို့ရောက်လျှင် "ပြောင်တာ အလကားပြောင်တာ၊ ဘာပြုလို့ ရှင်က ပါးစပ်ကြီးဟပြီး ရူးသလိုလို ယီးတီးယားတားလုပ်နေရတာလဲ၊ ပြော ဒါဟုတ်သလား၊ မဟုတ်ဘူးလားပြောစမ်းပါ"ဟု အလွန်သဘောကောင်း၍ ဘာမှမလုပ်ရှာသူ ဦးသာဒွန်းအား ငေါက်၍မေးလျှင်–

**"မောင်ထွန်းမြတ်သည် ရွှေဘိုသို့သွား၍ သုံးရက်မြောက်သည့် နေ့တွင် စာရေးကြီးဦးသာဒွန်းသည် မဂျမ်းပုံထံလာ၍ "ဟောဒီမယ် အစ်မကြီး၊ ကိုထွန်းမြတ်ဆီက အစ်မကြီးဖို့ စာတစ်စောင်" "အလို မောင်ထွန်းမြတ်က ငါ့ဆီ စာများရေးလို့လား၊ ဘယ်တော့ပြန်ခဲ့မယ် တဲ့လဲ"**

**"မပြောတတ်ဘူး၊ ကျွန်တော့်စာထဲမှာတော့ ပြန်ဖို့အကြောင်းမပါ ဘူး"ဟုပြောလျှင် မဂျမ်းပုံသည် စာကိုဖွင့်၍ဖတ်ရာ မိမိတစ်သက် တွင် ဤမျှလောက် မအံ့သြဖူးသည့်သတင်းကို ကြားရသည့်လက္ခဏာ ဖြင့် ကုလားထိုင်ပေါ်သို့ ပက်လက်လန်၍ လဲသွားလေ၏။ စာတွင် ပါရှိသည်ကား..."**

"ကျွန်တော်လည်း အင်မတန်အံ့သြနေတာပဲ အစ်မကြီးရဲ့၊ ပြောင်တာဟုတ်မယ် မထင်ဘူး၊ ကျွန်တော့်စာထဲမှာလည်း ဒီလိုပဲပါတယ်" ဟုပြောရာ–

"မဟုတ်ပါဘူးလေ၊ မဟုတ်ပါဘူး၊ သူသွားတာမှ သုံးရက်ရှိသေးတာပဲ၊ သွားတုန်းကလည်း မယားယူဖို့ စိတ်မှမကူးသေးဘဲဟာပဲ"

"ဒါတော့ ကျွန်တော်တို့ ဘယ်သိနိုင်မလဲ အစ်မကြီးရယ်၊ သွားတုန်းကတည်းကိုက အတောင်းအရမ်းသွားသလားမှ မသိဘဲ" ဟု ဦးသာဒွန်းကပြောလျှင် မဂျမ်းပုံက အော်လျက်–

"ဘယ့်နှယ် အတောင်းအရမ်းသွားတယ်၊ သူ ဒီလောက်ရူးပါ့မလား၊ ပြန်လာပါစေဦး၊ သင်းတို့နှစ်ယောက်တော့လား၊ ဘယ်တော့မှ မကျေဘူး၊ ကြည့်ပါဦးတော် စစ်ကဲကြီးသမီးနဲ့မှတဲ့၊ စာအုပ်ကလေးဖတ်ပြီး ဘာမှလုပ်ဖော်မရဘဲ လင်နားကပ်နေမယ့် ကောင်မကလေးနဲ့မှ သူ့ထက်ရူးတဲ့မိုက်တဲ့အကောင်ရှိသေးရဲ့လား"

"သူ ဘာရူးလို့လဲ အစ်မကြီးရယ်"

"ဘာပြောတယ်၊ ဒီပြင်ဘယ့်နှယ်ရူးရဦးမလဲ၊ ရူးရုံဘာကမလဲ၊ မိုက်တယ်၊ ရူးတယ်၊ အတယ်၊ ပိန်းတယ်၊ ဒဏ်မရှိ၊ အစဉ်းစားမရှိ၊ အမြော်အမြင်မရှိ၊ အစကများသိရရင်လေ သင်းကလား ရူးတယ်ဆိုပြီး အရူးထောင်မရောက်ရောက်အောင် ပို့မှာ၊ ရှင်က ဘာကြည့်သလဲ၊ ထောင်မချနိုင်ဘူးမှတ်သလား၊ ချမှာ ချမှာ၊ ကဲ... သူတို့ပြန်လာ ဘယ်နေကြမလဲ"

"စစ်ကဲကြီးနေတဲ့အိမ် နေလိမ့်မယ်ထင်တယ် အစ်မကြီးရဲ့" "ဘယ့်နှယ် စစ်ကဲကြီးနေတဲ့အိမ်၊ လယ်ဝန်မင်းနဲ့ အတူနေမလို့လား၊ ရှင်လည်းရူးပြီထင်တယ်"

"လယ်ဝန်မင်းကို အိမ်မငှားဘူးလို့ သူမသွားခင်က စာပြန်ရေးသွားတယ်၊ အဲဒါကြောင့် ကျွန်တော်က သူတို့နေဖို့လို့ မှန်းထားတယ် မှတ်တယ်"ဟု ပြောလျှင်–

မဂျမ်းပုံသည် အလွန်တရာ အံ့သြလှသဖြင့် ပါးစပ်ဟ၍ နေရာမှထပြီးလျှင် ဦးသာဒွန်း၏နောက်သို့သွား၍ နားရွက်နှစ်ဖက်ကို လက်ဖြင့်ဖိ၍ မပြီးလျှင် ကလေးများကို ရွှေမြင်တင်ပြဘိသကဲ့သို့ သေးယ်ပုတိုက်သော ဦးသာဒွန်း၏ကိုယ်ကို မြှောက်ပြီးလျှင် သုံးကြိမ်တိုင်တိုင် ကြမ်းနှင့်ခြေနှင့်ဆောင့်လေလျှင် ဦးသာဒွန်းမှာ မဂျမ်းပုံ၏လက်တွင်းတွင် ကလေးကဲ့သို့ ဖြစ်၍ မရုန်းနိုင်ဘဲ "အမယ်လေး အစ်မကြီးရဲ့၊ အမယ်လေး သေရချေရဲ့အစ်မကြီးရဲ့"ဟု သနားစဖွယ်တောင်းပန်ရှာလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## သထုံမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ အသိပညာပေးဟောပြော



သထုံ ဇူလိုင် ၂၆

ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နိုင်ရေး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက် မွန်ပြည်နယ် သထုံခရိုင် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၅ ရက်က ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၆၂) မူးယစ်တပ်ဖွဲ့စု(သထုံ)၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)တို့မှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများ၊ အွန်လိုင်းလောင်းကစားခြင်း၏ ဆိုးကျိုးများ၊ လောင်းကစားပြုလုပ်ခြင်းကြောင့် ကျခံရမည့်ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်အန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့်အွန်လိုင်းများပေါ်မှ သတင်းတု၊ သတင်းမှားများအား ဂရုပြုနိုင်ရေး သိကောင်းစရာများကို ဆွေးနွေးဟောပြောကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

အခမ်းအနားသို့ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

## သနပ်ပင်မြို့နယ် ကလိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

သနပ်ပင် ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကလိုင်ကျေးရွာအုပ်စု ကလိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင်လ ၂၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကလိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ကလိုင်ကျေးရွာ၌ အရှည် ၈၆၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ငွေကျပ် ၁၇၆ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ကလိုင်ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ ရာသီမရွေးသွားလာရေး လွယ်ကူလာမည်ဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)

## ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မြောက်ဒဂုံ)၌ အခြေခံမော်တာအထည်ချုပ်သင်တန်းဖွင့်လှစ်



ရန်ကုန် ဇူလိုင် ၂၆

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ထိုးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မြောက်ဒဂုံ)၌လုပ်ငန်းခွင်အခြေပြု အခြေခံမော်တာ စက်ချုပ်သင်တန်းဖွင့်လှစ်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကျွမ်းကျင်သင်တန်းများစဉ်ဆက်မပြတ်ဖွင့်လှစ်သွားရန်၊ လုပ်ငန်းခွင်နှင့်အပ်စပ်သော သင်တန်းများဖြစ်စေရန်၊ သင်တန်းပြီးဆုံးပြီး အလုပ်အကိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ကို အလုပ်သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ဖွင့်လှစ်သင်ကြားပေးနေသော ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမှု၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ဆောင်ရွက်ပေးနေသော ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (Overseas Worker Identification Card –OWIC) ပြုလုပ်ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ရောဝတီတိုင်းဒေသကြီး စားဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပုသိမ် ဇူလိုင် ၂၆

ဧရာဝတီစားဆီဖူလုံဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့ခေါင်းစဉ်ဖြင့် စားဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက်ဆွေးနွေးပွဲတက်ရောက်သည့် ပညာရှင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက စားဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးမှုနှင့် နည်းပညာများပံ့ပိုးပေးနိုင်မှု၊ ဒေသတွင်းစားဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်မှု၏စိန်ခေါ်မှုများ၊ ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်လျှော့ချရေးနည်းလမ်းများ၊ GAP လုပ်ငန်းစဉ်နှင့်အညီ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ စားဆီမူဝါဒ၊ တင်သွင်းမှုနှင့် ပြည်တွင်းစားဆီဈေးနှုန်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် စိုက်ပျိုးရေးပညာရှင်များ၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တာဝန်ခံ၊ ဒေသတွင်းဆီစက်လုပ်ငန်းရှင်၊ ဆီထွက်သီးနှံစိုက်တောင်သူ၊ လယ်ယာထွက်ကုန်အရည်အသွေးကျွမ်းကျင်သူများက စပါးကြိတ်ခွဲမှုများမှ ထွက်ရှိလာသည့် ဖွဲနုများမှ ဖွဲနုဆီများထုတ်လုပ်နိုင်ရေး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်စိုက်ပျိုးမှုများ ပိုမိုတိုးတက်လာစေရေး၊ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး၊ အရည်အသွေးပြည့်မီသည့် ဆီများကြိတ်ခွဲထုတ်လုပ်နိုင်စေရေး၊ ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင်လျှော့ချရေးနည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးကြသည်။



ဆက်လက်၍ ခရိုင်အလိုက် အုပ်စုရှစ်ခုခွဲခြား၍ အုပ်စုအလိုက် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ၊ မျိုး၊ သွင်းအားစုရယူသုံးစွဲမှု၊ ဆီထွက်သီးနှံရောင်းချနိုင်မှု၊ ဆီစက်များမှ ဝယ်ယူကြိတ်ခွဲမှု၊ ဈေးကွက်နှင့် ဈေးနှုန်းအခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲကို ဇူလိုင်လ ၂၆ ရက်နှင့် ၂၇ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ညောင်ရွှေမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

ညောင်ရွှေ ဇူလိုင် ၂၆

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် တောင်ပို့ကြီး(တောင်)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဝိသာခါရွှေတောင်ပို့ကျောင်းဆောင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။



ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး ဝိသာခါဖောင်ဒေးရှင်းမှတာဝန်ရှိသူများက ကျောင်းဆောင်သစ်ဖွင့်ပွဲအထိမ်းအမှတ်အလံငယ်များ၊ ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများနှင့် အလှူငွေများ၊ စာရေးကိရိယာများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

စိုင်းအယ်ဘဲ

### အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၂၆

ဇူလိုင်လ ၂၅ ရက် ည ၁၁ နာရီ ၁၆ မိနစ် ၀၄ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း သံတောင်ကြီးမြို့၏ အရှေ့မြောက်ဘက် ၃ မိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၁၉.၁၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆.၇၁ ဒီဂရီ၊ အနက် ၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃.၈(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

### ၂၆-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ရေတာရှည်မြို့နယ်၌ ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများထုတ်ချေး

ရေတာရှည်　ဇူလိုင်　၂၆


ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ယမန်နေ့က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် သာဂရကျေးရွာအုပ်စု ဒေဝကျေးရွာ၌ ထုတ်ချေးပေးသည်။

ရှေးဦးစွာ ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သူဇာလင်းက ဒေဝကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်နိုင်စေရန်၊ လိုအပ်သည့်ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် စီမံကိန်းမှ တိုးပွားလာသောအတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များအား ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ငွေကျပ် ၃၈၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဒေဝကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးအတွက် ရန်ပုံငွေ ငွေကျပ် ၃၈၅ သိန်းကို ထုတ်ချေးပေးကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)




# တေရသမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲတွင် မြန်မာတစ်နိုင်ငံလုံး ပဉ္စမဆုရရှိသူနှင့် ဗုဒ္ဓဝံသဝိသာရဒဘွဲ့ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်



အိမ်မဲ　ဇူလိုင်　၂၆

တေရသမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲတွင် မြန်မာတစ်နိုင်ငံလုံးပဉ္စမဆုရရှိသူနှင့် ဗုဒ္ဓဝံသဝိသာရဒဘွဲ့ရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ ဂုဏ်ထူးအောင် ကျောင်းသား၊ ကျောင်းသူများနှင့် ရိုးရိုးအောင် ကျောင်းသား၊ ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အ-ထ-က (၂)ကျောင်း ပညာ့ဗိမာန်ခန်းမ၌ ယနေ့မွန်းတည့် ၁၂ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာသူများက "နမောတဿ" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့သည်။ ထို့နောက် အိမ်မဲမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အိမ်မဲမြို့နယ် သုတစုံလင်ဗုဒ္ဓအဖွဲ့ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တမဟိန္ဒက အဖွင့်ဩဝါဒကထာကို လည်းကောင်း၊ အိမ်မဲမြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင်(ရွှေကျင်) သုတစုံလင်အဖွဲ့ ဥက္ကဋ္ဌ ဓမ္မမေဒနီကျောင်းတိုက်ဆရာတော် ဦးပညာစက္ကက ရေရှည်တည်တံ့ရေးအတွက် လိုအပ်သည်များအား လည်းကောင်း မိန့်ကြားခဲ့ကြသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ကြွရောက်တော်မူလာကြကုန်သော ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် အိမ်မဲမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးစိုးမြင့်အောင်က သာသနာတော်ဆိုင်ရာများကို လျှောက်ထားပြီး အိမ်မဲမြို့နယ် သုတစုံလင် ဗုဒ္ဓဝင်အဖွဲ့ဥက္ကဋ္ဌ (မင်္ဂလဇောတိကဓဇ)ဆရာကြီး ဦးနေဝင်းကြည်က စာဖြေဌာနစတင်ခဲ့ပုံများကို ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ ဗဟိုဥက္ကဋ္ဌဆရာတော် ဒေါက်တာ ပဏ္ဍိတဘိက္ခုက ဂုဏ်ပြုချီးမြှင့်စကားမိန့်ကြားပြီး အိမ်မဲမြို့နယ်သုတစုံလင် ဗုဒ္ဓဝင်အဖွဲ့တာဝန်ခံက ကျေးဇူးတင်စကားပြောကြားကာ တေရသမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲတွင် မြန်မာတစ်နိုင်ငံလုံး ပဉ္စမဆုရရှိသူ မဖူးဖူးဝေနှင့် ဗုဒ္ဓဝံသဝိသာရဒဘွဲ့ရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ ဂုဏ်ထူးအောင် ကျောင်းသား၊ ကျောင်းသူများနှင့်ရိုးရိုးအောင်ကျောင်းသား၊ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

ချစ်သက်လယ် (ပြန်/ဆက်)

# မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ -၂၀၂၆ အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန်　ဇူလိုင်　၂၆

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ ကျင်းပသည့် မြန်မာ့ရိုးရာအစားအစာ ပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ (Tastes of the Golden Land-2026) ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ ပွဲတော်သို့လာရောက်လည်ပတ်လေ့လာသူများဖြင့် အထူးပင်စည်ကားခဲ့သည်။



ရှေးဦးစွာ ကရင်ရိုးရာဖျော်ဖြေရေးအဖွဲ့က ရိုးရာသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်၍ အခမ်းအနားအား ဖွင့်လှစ်ပေးပြီး ပွဲတော်သို့လာရောက်လည်ပတ်ကြသူများကို ကံစမ်းမဲများ ဖောက်ပေးခဲ့သည်။ ဆက်လက်၍ပွဲတော်လာရောက်လည်ပတ်ကြသူများအား ဒေသရိုးရာအစားအစာများကို ပြင်ဆင်ချက်ပြုတ်၍ မိတ်ဆက်ဧည့်ခံကျွေးမွေးသည်။

အဆိုပါ မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ (Tastes of the Golden Land-2026)သည် မြန်မာနိုင်ငံ၏ယဉ်ကျေးမှုတစ်ခုဖြစ်သည့်မြန်မာ့ရိုးရာအစားအသောက်များကို နိုင်ငံတကာအဆင့်မီတည်ခင်းဧည့်ခံနိုင်ရန်၊ မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်နှင့် မြန်မာ့ရိုးရာအစားအစာများကိုအခြေခံပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆွဲဆောင်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့်ကျင်းပသော အနက်အဓိပ္ပာယ်ရှိလှသည့် ပြိုင်ပွဲနှင့်ပြပွဲကြီးတစ်ခုဖြစ်ပြီး ဇူလိုင်လ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည်။

ထို့ပြင် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ ချက်ပြုတ်တည်ခင်းဧည့်ခံနိုင်ရန် ပြိုင်ပွဲပြုလုပ်ရုံသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဒေသထွက်အစားအစာများ၊ ဒေသရိုးရာအစားအစာများ၊ ကော်ဖီ၊ လက်ဖက်စသည့် ထုတ်ကုန်များကိုပါ တစ်နေရာတည်းတွင် လေ့လာကြည့်ရှုဝယ်ယူစားသောက်နိုင်အောင်ပြသခြင်း၊ ရောင်းချခြင်းတို့ကိုလည်း အရောင်းပြခန်းပေါင်း ၁၂၀ ဖြင့်ပြသရောင်းချပေးလျက်ရှိပြီး ပွဲတော်သို့လာရောက်လည်ပတ်လေ့လာသူများဖြင့် အထူးပင်စည်ကားခဲ့ကြောင်း သိရသည်။　နိုင်လင်းအောင်(ပြန်/ဆက်)



**ကရင်ပြည်နယ်ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက် ဒေါနလမ်းရှိ မြို့နယ်သမဝါယမဂိုဒေါင်၌ ဇူလိုင်လ ၂၅ ရက်က ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က အိမ်ခြေ(၁၅၁) အိမ်နှင့် ဘုန်းကြီးကျောင်း(၂)ကျောင်းတို့အတွက် အိမ်ဆောက်ပစ္စည်းပေးအပ်စဉ်။** (၄၀၆)

# အိမ်မဲမြို့နယ်၌ မိုးရာသီစားဖိုဆောင်သီးနှံ ဧက ၁၀၀၀ ကျော် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



အိမ်မဲ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံများကို သတ်မှတ်လျာထားချက်အတိုင်း အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြသည်။ ပြီးခဲ့သည့်မေလပထမပတ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့သည့် အဆိုပါစားဖိုဆောင်သီးနှံစိုက်ပျိုးမှုကို လက်ရှိတွင် လျာထားချက်ဖြစ်သော ၁၀၈၁ ဧကကို ရာနှုန်းပြည့် ပြီးစီးအောင် စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုကဲ့သို့ စားဖိုဆောင်သီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်ခြင်းမှာ စိုက်ပျိုးရာသီမတိုင်မီကတည်းက စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သည့်စိုက်ပျိုးရေးနည်းပညာများနှင့် တခြားပံ့ပိုးမှုများကို စနစ်တကျ ကြိုတင် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့်ဖြစ်သည်။ လက်ရှိတွင်လည်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်နှင့် ဝန်ထမ်းများက စိုက်ခင်းများအထိကွင်းဆင်းကာ ကင်းထောက်မှတ်တမ်းယူခြင်း၊ တောင်သူအသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို အားတက်သရော ဆောင်ရွက်ပေးနေကြသည်။ ယင်းသို့ဆောင်ရွက်ပေးရခြင်းမှာ စိုက်ပျိုးပြီးစီးသွားသည့် စားဖိုဆောင်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်နှင့် သဘာဝဘေးအပါအဝင် တခြားသောအကြောင်းရင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန်ဖြစ်သည်။

ဈေးကွက်ဝင်ပြီး မျိုးကောင်းမျိုးသန့်ဖြစ်သော သီးနှံများကို အဓိကဦးစားပေးစိုက်ပျိုးထားသည့် အိမ်မဲမြို့နယ်၌ ယခုနှစ်အတွင်း ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ ဘူးသီး၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ သခွားသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ဆလတ်ရွက်၊ ငရုတ်ကောင်းနှင့် ချဉ်ပေါင် စသည့် စားဖိုဆောင်သီးနှံများကို အများဆုံးစိုက်ပျိုးထားကြသည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စားဖိုဆောင်သီးနှံများ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးနှင့် ဈေးကွက်ဝင်သီးနှံများ ဖြစ်ထွန်းလာစေရေးအတွက် မိုးသီးနှံမစိုက်ပျိုးမီကာလကတည်းက ပံ့ပိုးပေးခဲ့ပြီး စိုက်ပျိုးပြီးစီးသည့်အချိန်တွင်လည်း စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ပံ့ပိုးမှုများကို ဆက်လက်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# ပေါင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

ပေါင် ဇူလိုင် ၂၆

မွန်ပြည်နယ် ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(အလှပ်)၌ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဒီရေတောများအကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၅ ရက်က ကျင်းပရာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးဇော်လွင်ဦးနှင့်ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပေါင်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးဇော်လွင်ဦးက ဒီရေတောများ၏အခြေအနေနှင့် အသုံးဝင်ပုံများ၊ ဒီရေတောကမ်းရိုးတန်းသယံဇာတများ ပျက်စီးရသည့်အကြောင်းရင်းများနှင့် ကမ်းရိုးတန်းဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အကျယ်တဝင့်ဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။



ထို့နောက် ပေါင်မြို့နယ် သစ်တောဦးစီးဌာနမှတာဝန်ရှိသူများက တက်ရောက်လာသူများအား အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# အိမ်ခြံမြေအသိပညာပေးသင်တန်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၆

အိမ်ခြံမြေအကျိုးဆောင်များလိုက်နာရန် စည်းကမ်းချက်များနှင့် သတိပေးချက်များကိုသိရှိပြီး ဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) (ဗဟို)မှ ကြီးမှူးဖွင့်လှစ်သည့် အိမ်ခြံမြေအသိပညာပေးသင်တန်းနှင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းကို ဇူလိုင်လ ၂၅ ရက်က ရန်ကုန်မြို့ရှိ KBA Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA)(ဗဟို) ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းရင်းနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA)(ဗဟို)၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းသင်တန်းတွင် အိမ်ခြံမြေအကျိုးဆောင်များ၏ ကောင်းမွန်သော ကိုယ်ရည်ကိုယ်သွေး၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာအကြောင်းအရာများအား ဆွေးနွေးခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင်လ ၂၅ ရက်နှင့် ၂၆ ရက်ဖြစ်သည်။

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) (ဗဟို)သည် အာဆီယံနိုင်ငံများရှိ အိမ်ခြံမြေအသင်းများနှင့်လည်း MoU လက်မှတ်များရေးထိုးထားသည့်အပြင် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့အစည်း (FIABCI) နှင့် အာရှပစိဖိတ် အိမ်ခြံမြေအဖွဲ့တို့တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လင်းခန့်**

# ချောင်းဦးမြို့နယ်၌ ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး တောင်သူနည်းပညာပေးဆွေးနွေး

ချောင်းဦး ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ဇူလိုင်လ ၂၅ ရက်က ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ချည်မျှင်ရှည်ဝါ လျာထားချက်ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဆွေက အထွက်နှုန်းကောင်းမွန်စေရေး ဓာတ်မြေဩဇာထည့်သွင်းနည်းစနစ်၊ ပိုးမွှားကာကွယ်နှိမ်နင်းနည်းစနစ်နှင့် သီးညှပ်စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ QIP အစီအစဉ်တွင် ပါဝင်သည့် ဝါစိုက်တောင်သူများအား MPE ဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့်ရောင်းချပေးပြီး တက်ရောက်လာကြသည့် တောင်သူများအား ဓာတ်မြေဩဇာနှင့်မြေဆွေး အချိုးကျရောစပ်အသုံးပြုနည်းကို တာဝန်ရှိသူများက လက်တွေ့သရုပ်ပြကြသည်။

ချောင်းဦးမြို့နယ်၌ ယခုနှစ်တွင် မိုးချည်မျှင်ရှည်ဝါ ဧက ၃၈၇၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# အင်္ဂပူမြို့နယ်၌ ကွန်ကရစ်ဘောင်စီ ကျောက်ရောမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး

အင်္ဂပူ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အင်္ဂပူမြို့နယ် ကရင်ကူးလေးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘောင်စီ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ဇူလိုင်လ ၂၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကရင်ကူးလေးကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၆၈၀၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ဘောင်စီ ကျောက်ရောမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံ၍ ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်မည့်လုပ်ငန်းဖြစ်၍ တန်ဖိုးထားကြရန် ပြောကြားသည်။

အဆိုပါလုပ်ငန်းကို VDP ခွင့်ပြုငွေ ငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၃ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **မိုးမိုး**

# အသည်းကျန်းမာရေးအတွက် အထောက်အကူပြုစေသည့်အစားအစာများ

**■ အသည်း၌ဖြစ်သောရောဂါများနှင့် အသည်းရောင်အသားဝါရောဂါများအတွက် မုန်လာဥဖြူကိုပါးပါးလှီး၍ သကြားနှင့် စားပေးနိုင်သည်။**

**■ အသည်းမာခြင်း၊ အသည်းကြီးခြင်း၊ အသည်းခြောက်ခြင်းနှင့် အသည်းရောင်အသားဝါဖြစ်ခြင်းတို့အတွက် ကန်စွန်းရွက်ကို ဆူးပန်းရွက်နှင့် မန်ကျည်းမှည့်ရောကာ ဓာတ်စာအဖြစ် စားပေးနိုင်သည်။**

**■ ရှားစောင်းလက်ပပ်က အသည်းလုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်စေသဖြင့် အသည်းရောဂါမဖြစ်အောင် ရှားစောင်းလက်ပပ်သတ္တုရည်ကို သောက်ပေးနိုင်သည် . . .**

အသည်းသည် လူ့ခန္ဓာကိုယ်၏ လက်ယာဘက်ခြမ်း ဝမ်းဗိုက်၏ အတွင်းဘက်နံရံများ၏အကာအကွယ်အောက်တွင် တည်ရှိနေသည့် အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည်။

အသည်းသည် နှစ်မြွာစပ်ထားသောအစိတ်အပိုင်းဖြစ်သော်လည်း လက်ယာဘက်ကပိုကြီး၍ လက်ဝဲဘက်က အနည်းငယ်သေးသည်။

အသည်းမှာ အသားစိုင်ပကတိဖြစ်သည်။ အာရုံကြောများ၊ သွေးကြောများဖြင့် တည်ဆောက်ထားသည့် အမာခံအစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။ အသည်းသည် ခန္ဓာကိုယ်ဇဟိုပင်မဓာတ်ခွဲခန်းအဖြစ်တည်ရှိနေသည်။ ထို့ပြင် ခန္ဓာကိုယ်အဆိပ်အတောက်များကို ဖြေရှင်းပေးရသော အရေးအကြီးဆုံးအစိတ်အပိုင်းလည်းဖြစ်သည်။

သို့ဖြစ်ရာ အသည်းသည် ခန္ဓာကိုယ်ကို ဦးဆောင်နေသည့် အစိတ်အပိုင်းတစ်ခုလည်းဖြစ်၍ အသည်းရောဂါများမဖြစ်အောင် အထူးဂရုပြုရမည်။ အသည်းရောဂါအမျိုးမျိုးရှိသည်။ အသည်းကြီးခြင်း၊ အသည်းတင်းခြင်း၊ အသည်းပွခြင်း၊ အသည်းရောင်ခြင်း၊ အသည်းကြွပ်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းမာခြင်း၊ အသားဝါခြင်း၊ အသည်းအနာဖြစ်ခြင်း၊ အသည်းအကျိတ်တည်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အဖျဉ်းရောဂါ စသည်ဖြင့်အမျိုးမျိုးရှိသည်။ ထို့ပြင် ဓာတုဒြပ်စင်ပါဝင်သော ဆေးဝါးများ၊ မူးယစ်ထုံထိုင်းစေသည့်ဆေးဝါးများကို စားသုံးသူများအနေဖြင့် သာမန်သူများထက် အသည်းရောဂါများ ဖြစ်ပွားစေရန် ၉၀ ရာခိုင်နှုန်းသေချာသည်။

### အသည်းရောင်အသားဝါ ရောဂါပိုးများအကြောင်း သိကောင်းစရာ

အသည်းရောင်အသားဝါ (အေ)၊ (ဘီ)၊ (စီ)၊ (ဒီ) နှင့် (အီး) ဗိုင်းရပ်စ်ပိုးများကြောင့် အသည်းရောင်အသားဝါ (အေ)၊ (ဘီ)၊ (စီ)၊ (ဒီ) နှင့် (အီး) ရောဂါတို့ကို ဖြစ်ပွားစေနိုင်သည်။ ထူးခြားချက်အနေဖြင့် အသည်းရောင်အသားဝါ (ဒီ) ရောဂါသည် အသည်းရောင်အသားဝါ (ဘီ) ရောဂါပိုးရှိသူများတွင်သာ ကူးစက်ခံရနိုင်ပြီး ရောဂါပိုးကူးစက်ခံရပုံမှာလည်း အသည်းရောင်အသားဝါ (ဘီ) ကဲ့သို့ပင်ဖြစ်သည်။

- အသည်းရောင်အသားဝါ (အေ) နှင့် (အီး) ရောဂါသည် အလွယ်တကူကူးစက်တတ်၍ ကပ်ရောဂါအသွင် အစုလိုက်အပြုံလိုက် ကူးစက်ဖြစ်ပွားနိုင်သည်။
- မြန်မာနိုင်ငံ၌ ပျမ်းမျှလူဦးရေ ၁၀၀ လျှင် ခြောက်ဦးခန့် အသည်းရောင်အသားဝါ (ဘီ) ရောဂါ ခံစားနေရသည်။ နာတာရှည်အသည်းရောင်အသားဝါ (ဘီ) ရောဂါဖြစ်ပွားခြင်းကြောင့် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာတို့ ဆက်လက်ဖြစ်ပွားရာမှ အသက်အန္တရာယ်ထိခိုက်သည်အထိ ဖြစ်ပွားနိုင်သည်။
- အသည်းရောင်အသားဝါ (ဘီ) နှင့် (စီ) ရောဂါ ဖြစ်ပွားပါက အသည်းရောင်အသားဝါ (စီ) ရောဂါကို ခေတ်မီထိရောက်သောဆေးဝါးများဖြင့် ၁၂ ပတ်မှ ၂၄ ပတ်အတွင်း ပျောက်ကင်းအောင် ကုသနိုင်သည်။ အသည်းရောင်အသားဝါ (ဘီ) ရောဂါကို ဗိုင်းရပ်စ်ထိန်းချုပ်ဆေးဝါးများဖြင့် ရောဂါပိုးများ ထပ်မံပွားများခြင်းမရှိအောင် ဟန့်တားထားနိုင်သည်။

### ရောဂါဖြစ်ပွားပုံလက္ခဏာများ

အသည်းရောဂါဖြစ်ပါက အောက်ဖော်ပြပါလက္ခဏာရပ်များကို တွေ့ရသည်။

ခန္ဓာကိုယ်ပူနွေးလာမည်။ ဆီးအရောင်ဝါလာမည်။ ဆီးပူလာမည်။ ကျော၊ ရင်အောင့်လာမည်။ အစားအသောက်ပျက်လာမည်။ ကိုယ်အလေးချိန်ကျဆင်းလာမည်။ ရင်၌ပြည့်တင်း၍ အတွင်းလေပွတက်လာမည်။ ရင်တုန်မောဟိုက်လာမည်။ အသားဝါလာမည်။ နှလုံးသွေးအားနည်း၍ ကတုန်ကယင်ဖြစ်လာမည်။ အသည်းနေရာလက်ယာဘက်နံဘေး၌ ရောင်လာမည်။

### အသည်းကျန်းမာရေးအတွက် အစားအစာများ

အောက်ဖော်ပြပါအစားအစာများသည် အသည်းကျန်းမာရေးအတွက် အထောက်အကူပေးနိုင်သည်။

- လိမ္မော်သီးစားပါ။ လိမ္မော်သီးက သည်းခြေကို ငြိမ်းစေသည်။ အသည်းအဆီဖုံးရောဂါ၊ အသည်းကြီးခြင်း၊ သည်းခြေအိတ်ကျောက်တည်ခြင်းတို့အတွက်လည်း သင့်တော်သည်။
- ဆေးခါးကြီးပင် (ရုက္ခဗေဒအမည်- Andrographis Paniculata Nees) တွင်ပါဝင်သော Andrographolide ဓာတုဓာတ်ပေါင်းသည် အရက်ဖြင့် အသည်းအဆိပ်ဖြစ်စေရန် ဆောင်ရွက်ထားသောကြွက်များကို သုတေသနပြုလုပ်မှုအရ အသည်းအဆိပ်အတောက်ဖြစ်မှုကို သိသိသာသာကာကွယ်ပေးနိုင်ကြောင်း တွေ့ရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ အာယုဗ္ဗေဒဆေးသိပ္ပံသုတေသီများ၏ အဆိုပြုချက်အရ အသည်းရောင်ရောဂါဖြစ်ပွားနေသော လူနာများကို ဆေးခါးကြီးပြုတ်ရည် တိုက်ကျွေးခြင်းဖြင့် ခုနစ်ရက်မြောက်နေ့တွင် အစားအစာများကို ကျန်းမာစဉ်ကကဲ့သို့ပင် ပြန်လည်စားသောက်နိုင်ပြီး အသားဝါရောဂါ သက်သာလာကြောင်း သိရသည်။
- ဒန့်သလွန်ရွက်တွင်ပါဝင်သော ဓာတုဒြပ်ပေါင်းများက အသည်းကလာပ်စည်းများပျက်စီးမှုမှ ကာကွယ်ပေးကာ အသည်းကို ကျန်းမာစေသည်။
- နနွင်းသည် တခြားသောအဆိပ်အတောက်များနှင့် အရက်ကြောင့် အသည်းပျက်စီးမှုကို ကာကွယ်ရာတွင် ထိရောက်သောအာနိသင်ကို ပေးစွမ်းနိုင်သည်။
- ပရန်န္တဝါအမြစ်ဥကို ရေဖြင့်စိမ်၍သောက်လျှင် အသည်းကြောင့်ဖြစ်ပေါ်သော ရေဖျဉ်းရောဂါနှင့် ခန္ဓာကိုယ်ဖောရောင်ခြင်းကို သက်သာစေသည်။
- တောင်ဆီးဖြူပင်၏အခါးဓာတ်က အသည်းအတွက် အားဖြစ်စေသည်။
- စွယ်တော်ရွက်က သွေးကြည်၊ သွေးသန့်စေသည့်အပြင် အသည်းရောဂါအတွက် လွန်စွာကောင်းကျိုးပြုသည်။
- အသည်း၌ဖြစ်သောရောဂါများနှင့် အသည်းရောင်အသားဝါရောဂါများအတွက် မုန်လာဥဖြူကိုပါးပါးလှီး၍ သကြားနှင့် စားပေးနိုင်သည်။
- အသည်းမာခြင်း၊ အသည်းကြီးခြင်း၊ အသည်းခြောက်ခြင်းနှင့် အသည်းရောင်အသားဝါဖြစ်ခြင်းတို့အတွက် ကန်စွန်းရွက်ကို ဆူးပန်းရွက်နှင့် မန်ကျည်းမှည့်ရောကာ ဓာတ်စာအဖြစ် စားပေးနိုင်သည်။
- ရှားစောင်းလက်ပပ်က အသည်းလုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်စေသဖြင့် အသည်းရောဂါမဖြစ်အောင် ရှားစောင်းလက်ပပ်သတ္တုရည်ကို သောက်ပေးနိုင်သည်။
- ကညွတ်ပင်က အသည်းကိုအားရှိစေသဖြင့် ဟင်းလျာအမျိုးမျိုးပြုလုပ်ကာ စားသုံးသင့်သည်။ ထို့ပြင် အရက်အလွန်အကျွံသောက်ခြင်းကြောင့် အသည်းရောင်အသားဝါရောဂါအတွက် ကညွတ်ဥကို ထောပတ်ဖြင့် ပြုတ်သောက်နိုင်သည်။
- အသည်းကြီးခြင်း၊ အသည်းရောင်ခြင်းနှင့် အသည်းအဆီဖုံးခြင်းတို့အတွက် ကတက်ပင်အခေါက် သုံးကျပ်သားကို ရေသုံးခွက်တစ်ခွက်တင် ကျိုသောက်ပါက သက်သာပျောက်ကင်းနိုင်သည်။
- မဲဇလီရွက်ကို ပြုတ်ကျိုသောက်ပေးခြင်းဖြင့် အသည်းကို အားကောင်းစေသည်။ အသည်းပြည်တည်ခြင်း၊ အသည်းရောင်ခြင်းနှင့် အသည်းအဆီဖုံးခြင်းတို့ကိုလည်း သက်သာစေသည်။
- အသည်းရောင်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းကြီးခြင်း စသောအသည်းရောဂါများအတွက် ကြက်ဟင်းခါးသီးကို ဓာတ်စာအဖြစ် စားပေးသင့်သည်။
- ကနဖော့ရွက်တွင်ပါရှိသော Enhydrin ဓာတုဒြပ်ပေါင်းတစ်မျိုးက သည်းခြေကို ကောင်းကျိုးပြုသည့်အပြင် အသည်းနှင့်ပတ်သက်သောရောဂါများအတွက် ကောင်းကျိုးပြုသည်။
- အသည်းရောင်အသားဝါရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ အသည်းအဆိပ်သင့်ရောဂါနှင့် အရက်သောက်ခြင်းကြောင့်ဖြစ်သော အသည်းထိခိုက်ခြင်းတို့ကို ကုသရန်အတွက် ဆေးခါးကြီးပင် ပဉ္စငါးပါးကိုပြုတ်၍ သောက်ပေးနိုင်သည်။
- နာတာရှည်ဝမ်းကိုက်၍ အသည်းမကောင်းခြင်း၊ အသည်းပြည်တည်ခြင်း၊ အသည်းရောင်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းကြီးခြင်းနှင့် အရက်ကြောင့် အသည်းပျက်စီးခြင်းတို့အတွက် ဒန့်ကွဲရွက်က ဆေးဖက်ဝင်သည်။
- အသည်းကြီးခြင်း၊ အသည်းရောင်ခြင်းနှင့် အသည်းပြည်တည်ခြင်းတို့အတွက် ပိစပ်ရွက် ပဉ္စငါးပါးကို ပျားရည်ထည့်၍ ပြုတ်သောက်နိုင်သည်။
- ကျောက်ဖရုံသီးကို မကြာခဏချက်ပြုတ်စားသောက်ခြင်းဖြင့် အသည်းရောင်အသားဝါရောဂါမဖြစ်အောင် ကာကွယ်နိုင်သည်။
- ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီစိမ်းနှင့် ကန်စွန်းရွက်စသည့်ဟင်းသီးဟင်းရွက်များတွင် ပါဝင်သောဓာတ်ပေါင်းများက အသည်း၏သဘာဝအဆိပ်အတောက်ဖယ်ရှားခြင်းလုပ်ငန်းစဉ် (Detoxification) ကို အားကောင်းစေသည်။
- သံပရာသီး၊ ရှောက်သီးနှင့် လိမ္မော်သီးတို့တွင် ဗီတာမင်စီ-C ကြွယ်ဝစွာပါဝင်သဖြင့် အသည်းဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးသည်။
- ဘလူးဘယ်ရီသီးနှင့် စပျစ်သီးတို့တွင် အသည်းရောင်ရမ်းမှုကိုလျှော့ကျစေသည့် Antioxidants အမြောက်အမြားပါဝင်နေသောကြောင့် စားပေးသင့်သည်။
- သံလွင်ဆီက အသည်းတွင် အဆီစုပုံခြင်းကို လျှော့ကျစေပြီး အသည်းအင်ဇိုင်းပမာဏကို မျှတစေသည်။
- သစ်ကြားသီး၊ ဗာဒံသီးကဲ့သို့သော အခွံမာသီးအစေ့အဆန်များတွင် ဗီတာမင်-E နှင့် ကျန်းမာရေးကိုညီညွတ်စေသည့်အဆီများလည်း ပါဝင်နေသဖြင့် အသည်းအဆီဖုံးရောဂါရှိသူများအတွက် အထူးကောင်းမွန်သည်။
- အုတ်ဂျုံတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သဖြင့် အသည်းအတွင်း အဆီစုမှုကို လျှော့ချပေးပြီး ကိုယ်အလေးချိန်ကို ထိန်းညှိပေးသည်။
- ပဲအမျိုးမျိုးတွင် အသည်းကျန်းမာရေးကို ထောက်ပံ့ပေးသည့် အပင်ထွက်ပရိုတင်းဓာတ်များ ကြွယ်ဝစွာပါဝင်သောကြောင့် စားပေးသင့်သည်။
- ကော်ဖီထဲတွင် သကြားနှင့် နို့မပါဘဲ သောက်ခြင်းက အသည်းအဆီဖုံးခြင်းနှင့် အသည်းခြောက်ခြင်းဖြစ်နိုင်ခြေကို လျှော့ကျစေသည်။
- လက်ဖက်စိမ်းရေ (Green Tea) က အသည်း၏လုပ်ဆောင်ချက်များကို ကောင်းမွန်စေပြီး အသည်းထဲမှ အဆီပမာဏကို လျှော့ကျစေသည်။

အသည်းရောင်အသားဝါ (ဘီ) နှင့် (စီ) ရောဂါဝေဒနာရှင်များ သွေးလှူဒါန်းခြင်းမပြုသင့်ပေ။ အသည်းရောင်အသားဝါ (အေ) နှင့် (အီး) ရောဂါခံစားနေရသူဝေဒနာရှင်များအနေဖြင့် နာလန်ပြန်ထပြီး အချိန်ကာလအားဖြင့် သုံးနှစ်ခန့်ကြာမြင့်လျှင် သွေးလှူဒါန်းနိုင်သည်။

အထူးသတိပြုရန်မှာ အသည်းကျန်းမာစေရန်အတွက် အထောက်အကူပြုအစားအစာများ စားသုံးရုံမျှမက အရက်သေစာအလွန်အကျွံသောက်သုံးခြင်း၊ သကြားနှင့် အချိုဓာတ်လွန်ကဲသောအစားအစာများ၊ ပြည့်ဝဆီ (အကြော်အလှော်များ) ကို ရှောင်ကြဉ်ရန်လည်းလိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

# ကန့်ဘလူမြို့နယ်၌ ကျောင်းကျန်းမာရေးနှင့်သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်



ကန့်ဘလူ ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ကျောင်းသားလူငယ်လူရွယ်များ သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျောင်းသား၊ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအလေ့အထကောင်းများရရှိစေရန် ရည်ရွယ်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင်လ ၂၆ ရက် နံနက်ပိုင်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဇင် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမများ၊ အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကျန်းမာရေးဝန်ထမ်းများက ကျောင်းရှိစာသင်ခန်းများ၊ အုပ်ချုပ်ရေးအခန်းများ၊ သန့်စင်ခန်းများ၊ ကျောင်းမုန့်ဈေးဆိုင်တန်းများ၌ မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေးအတွက် ရေစည်ရေအိုးများကို ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့်ရေကန်များအတွင်း အဘိတ်ဆေးခတ်ပေးခြင်းစသည့် ရပ်ရွာအကျိုးပြုကျန်းမာရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# တပ်ကုန်းကျေးရွာ၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြော

မြို့သစ် ဇူလိုင် ၂၆

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန်အတွက် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၆ ရက် နံနက်ပိုင်းတွင် တပ်ကုန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူအောင်က မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းလေထုညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုး၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျော့နည်းစေရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရေးအတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

အဆိုပါဟောပြောပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ကုန်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အထွေး**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

မလှိုင် ဇူလိုင် ၂၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ရေချိုဘူတာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ဇူလိုင်လ ၂၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရေချိုဘူတာကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်သည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရေချိုဘူတာကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၇၇ သိန်းကျော်ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အရှည်ပေ ၄၀၀၊ အကျယ်၁၂ ပေ၊ ထု ၆ လက်မဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပေး ပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ညီညွတ်စည်းလုံး ပျော်မဆုံး

❍ စုပေါင်းညီညာ အောင်ကြောင်းပြု
တိုးတက်မှု အလျှင်အမြန်။
အောင်မြင်စေ ရည်မှန်းချက်
သွက်လက်ရှင်သန်။
တိုင်းပြည်အတွက် တွေးဆကြံ
တူညီရန် မျှော်ရည်မှန်း။
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
တိုးတက်မည့်လမ်း။

❍ ဒီမိုကရေစီ ရွှေစနစ်
အနှစ်သာရ ပြည့်ဝစွာ။
အေးအတူ ပူအမျှ
ရှိကြစေမှာ။
သက်မွေးမှု တတ်ပညာ
ပြည့်ဝစွာ ဖြည်းဆည်းလို့။
အလုပ်အကိုင် အခွင့်အလမ်း
စွမ်းအားပြစို့။

❍ စည်းကမ်းသည် လူ့တန်ဖိုး
မြတ်နိုးလို့ လိုက်နာလျှင်။
ကြီးပွားချမ်းသာ တိုးတက်ကြ
ရလဒ်တွေပင်။
နိုင်ငံအတွက် မြတ်ဂုဏ်အင်
စည်းကမ်းတွင် လိုက်နာပေး။
သာသာယာယာ လူ့ဘဝခရီး
ပြီးမြောက်မယ်လေး။

❍ တစ်ဦးချင်းမှာ ကိုယ်စီအသိ
ရှိထားကြ တူစုံညီ။
နိုင်ငံတော်တည်ဆောက်ရေး
လေးထားကြမည်။
ရိုးသားကြိုးစား လုပ်အားတည်
ဘက်စုံညီ ပါဝင်ပေး။
ကမ္ဘာမှာ မြန်မာဟေ့လို့
ချမ်းမြေ့ပျော် စိတ်မှာမှန်း
တက်လှမ်းစို့လေး။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## MWD Education, Knowledge & Sports Channel

၂၇-၇-၂၀၂၆ (တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ မှ ၀၈:၄၀ | Grade-3 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၂။ | ၁၅:၁၀ မှ ၁၈:၂၅ | Grade-7 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၈:၂၅ မှ ၂၀:၂၂ | Grade-7 | သင်္ချာ(၂)၊ ပထဝီဝင်၊ သမိုင်း၊သိပ္ပံ |

# ကျေးလက်နေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာ ဓမ္မသုခလယ်ပြင်ဦးကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ နေပြည်တော် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်သီတာမြင့်မိုးက ကျေးလက်နေအမျိုးသမီးများအနေဖြင့် အတန်းပညာ၊ ဗဟုသုတများပြည့်စုံပြီး စီးပွားရေးလုပ်ငန်းငယ်များကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ယခုလိုတွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌများက အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးမှုနှင့်သားအိမ်ခေါင်းကင်ဆာကာကွယ်ရေးအတွက် သိကောင်းစရာများအား ရှင်းလင်းဟောပြောခဲ့ပြီး တက်ရောက်လာသည့် ကျေးလက်နေအမျိုးသမီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တစ်ဦးချင်းမိတ်ဆက်ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသည့် ကျေးလက်နေ အမျိုးသမီးများအား နေပြည်တော်မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်သီတာမြင့်မိုးနှင့် တာဝန်ရှိသူများက အာဟာရဖြစ်စားသောက်ဖွယ်ရာပစ္စည်းများ၊ အဝတ်အထည်များနှင့် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၀၂)

# မိုင်းရယ်မြို့နယ်၌ Solar စနစ်ဖြင့် လမ်းမီးများတပ်ဆင်

**မိုင်းရယ် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် မြို့သန့်ရှင်းသာယာလှပစေရေးနှင့် လိုအပ်ချက်အရ ယနေ့နံနက်ပိုင်းကစတင်၍ လမ်းမီးများ Solar စနစ်ဖြင့်တပ်ဆင်လျက်ရှိသည်။



အဆိုပါ လမ်းမီးများ Solar စနစ်ဖြင့် တပ်ဆင်ခြင်းကို မိုင်းရယ်မြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိဦးသီဟသူနှင့်တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး မိုင်းရယ်မြို့ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်နှင့် လမ်းဆုံလမ်းခွများတွင် Solar 120W များအား တပ်ဆင်ခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

**◆◆ ရှေ့ဖုံးမှအဆက်**

အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သမြချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း(HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း(MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ်၁၂ ဒီဂရီ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း(PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊

➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊

➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊

➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊

➢ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊

➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊

➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊

➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊

➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့်သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊

➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်။

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚C | / | ၃၁˚C |
| ရန်ကုန် | ၂၄˚C | / | ၃၂˚C |
| မန္တလေး | ၂၆˚C | / | ၃၆˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အမျိုးသားစည်းလုံးညီညွတ်မှုနဲ့ ထာဝရငြိမ်းချမ်းရေး အခွင့်အခါကောင်း

စစ်ပွဲတွေရဲ့အသံဟာ သေနတ်သံ၊ ဗုံးသံတွေ မဟုတ်ပါဘူး။ အိမ်ပြန်မလာနိုင်တော့တဲ့ သား၊ သမီးတွေအတွက် မိခင်တွေရဲ့ ငိုရှိုက်သံ၊ ပညာသင်ယူခွင့် ဆုံးရှုံးလိုက်ရတဲ့ ကလေးငယ်တွေရဲ့ သက်ပြင်းချသံနဲ့ တိုက်ပွဲတွေကြောင့် နေရပ်စွန့်ခွာနေရသူတွေရဲ့ မျှော်လင့်ချက်မဲ့ ဆုတောင်းသံတွေပဲဖြစ်ပါတယ်။

မိမိတို့နိုင်ငံမှာ နှစ်ပေါင်းများစွာ စွဲကပ်ခဲ့တဲ့ ဒီစစ်ပွဲဒဏ်ရာတွေဟာ ပြည်သူတစ်ရပ်လုံးရဲ့ ရင်ထဲမှာ ဘယ်လိုမှမေ့ပစ်လို့မရတဲ့ အနာတရတွေအဖြစ် ကျန်ရစ်ခဲ့ပါပြီ။ စစ်ပွဲရဲ့ခါးသီးမှုကို ကိုယ်တိုင်ကြုံဖူးသူတိုင်း၊ ဒါမှမဟုတ် စစ်ရဲ့အကျိုးဆက်ကို ခံစားနေရသူတိုင်း ရင်ထဲမှာ ပြင်းပြင်းပြပြလိုလားတောင့်တနေကြတာကတော့ အခြားမဟုတ်ပါဘူး။ သေနတ်သံတွေ ဆိတ်သုဉ်းသွားပြီး စိုးရိမ်ထိတ်လန့်မှုမရှိဘဲ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်ခွင့်ရမယ့် "စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေး" ပဲ ဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးရဲ့ အဓိကမဏ္ဍိုင်ကြီး (၃) ရပ်**

မြန်မာနိုင်ငံရဲ့ ခေတ်အဆက်ဆက် သမိုင်းကြောင်းကိုပြန်ကြည့်ရင် ပြည်တွင်းငြိမ်းချမ်းရေးပျက်ပြားခဲ့ရတာဟာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ ကာကွယ်ရေးအဖွဲ့အစည်းတွေကြားမှာ နိုင်ငံရေးသဘောထားနဲ့ ဦးတည်ချက်တွေ ကွဲလွဲခဲ့ကြလို့ပါပဲ။

စစ်မှန်ပြီး ထာဝရတည်တံ့တဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်ဖို့အတွက် အဓိကတာဝန်ယူဆောင်ရွက်ရမယ့် အဖွဲ့အစည်းကြီး (၃) ရပ်ကတော့ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်တို့ပဲဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းကြီးသုံးခု ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်တာ၊ အပြန်အလှန်ယုံကြည်လေးစားတာနဲ့ တူညီတဲ့ အမျိုးသားရေးဦးတည်ချက်ရှိတာတွေဟာ ထာဝရငြိမ်းချမ်းရေးဆီ လျှောက်လှမ်းတဲ့နေရာမှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေဖြစ်ပါတယ်။

**သမိုင်းနောက်ခံအတွေ့အကြုံများနဲ့ ခေါင်းဆောင်မှု**

လွတ်လပ်ရေးရပြီးကတည်းက ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေး၊ လုံခြုံရေး မတည်ငြိမ်မှုတွေနဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေဟာ သမိုင်းအမွေဆိုးအဖြစ် ပါလာခဲ့ပါတယ်။ ဒီအတွေ့အကြုံတွေကပဲ တိုင်းပြည်အတွက် ကြံ့ကြံ့ခံနိုင်စေမယ့် ခေါင်းဆောင်မှုမျိုးက ဘယ်လောက်အထိ အရေးပါတယ်ဆိုတာကို သတိပြုမိစေခဲ့တာပါ။

လက်ရှိ တိုင်းပြည်ကိုဦးဆောင်နေတဲ့ နိုင်ငံတော်သမ္မတကြီးဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် သက်တမ်း (၁၅) နှစ်ခန့် အုပ်ချုပ်ကွပ်ကဲခဲ့တဲ့ အတွေ့အကြုံ ရင့်ကျက်သူဖြစ်ပါတယ်။ တပ်မတော်ကို နှစ်ပေါင်းများစွာ ဦးစီးဦးဆောင်ပြုခဲ့ဖူးတာကြောင့် ကာကွယ်ရေး၊ လုံခြုံရေး၊ တိုင်းရင်းသားအရေးနဲ့ စစ်ရေး၊ နိုင်ငံရေးသဘောသဘာဝတွေကို ထိုးထွင်းသိမြင်ပြီး ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်တဲ့ အတွေ့အကြုံအပြည့်ရှိနေတာဖြစ်ပါတယ်။

**ပြည်သူ့ကိုယ်စားလှယ်များရဲ့ တစ်ခဲနက်ထောက်ခံမှု**

ဒီမိုကရေစီစနစ်မှာ ပြည်သူ့ဆန္ဒနဲ့ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်တွေရဲ့ထောက်ခံမှုဟာ အစိုးရနဲ့ ခေါင်းဆောင်တစ်ဦးအတွက် တရားဝင်မှုကိုပေးစွမ်းနိုင်တဲ့ အဓိကစံနှုန်းဖြစ်ပါတယ်။

ရွေးကောက်ခံအစိုးရအဖွဲ့ကို စတင်ဖွဲ့စည်းစဉ်က ရွေးချယ်ခံရတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ တပ်မတော်သားကိုယ်စားလှယ်တွေအပါအဝင် ဆန္ဒမဲပေါင်း ၄၂၉ မဲနဲ့ သမ္မတကြီးကို အပြည့်အဝထောက်ခံခဲ့ကြပါတယ်။ ဒါဟာ လွှတ်တော်ထဲမှာရှိတဲ့ ပြည်သူ့ကိုယ်စားလှယ်အစုအဖွဲ့အားလုံးနဲ့ တပ်မတော်သားကိုယ်စားလှယ်တွေက နိုင်ငံတော်ရဲ့ခေါင်းဆောင်အဖြစ် တစ်ခဲနက် ယုံကြည်အားကိုးစွာ တာဝန်လွှဲအပ်ခဲ့တယ်ဆိုတာ ထင်ရှားတဲ့သက်သေတစ်ရပ်ပါပဲ။

**ခိုင်မာတဲ့မူဝါဒနဲ့ အနာဂတ်ဆီလျှောက်လှမ်းမယ့် အစိုးရအဖွဲ့**

တိုင်းပြည်ငြိမ်းချမ်းရေးနဲ့ တိုးတက်ရေးကို ဆောင်ရွက်တဲ့အခါ အစိုးရအဖွဲ့ရဲ့ စွမ်းဆောင်ရည်နဲ့ ညီညွတ်မှုဟာ အလွန်အရေးပါပြီး ခေါင်းဆောင်ရဲ့ အမြော်အမြင်အပေါ်လည်း အများကြီးမူတည်နေပါတယ်။

ယခု ရွေးကောက်ခံအစိုးရအဖွဲ့ကိုလည်း လွှတ်တော်နဲ့ ပြည်သူတို့ရဲ့ ထောက်ခံမှုရရှိထားတဲ့ သမ္မတကြီးကိုယ်တိုင် ဦးဆောင်ရွေးချယ်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အတွေ့အကြုံရင့်ကျက်တဲ့ခေါင်းဆောင်က တိုင်းပြည်ရဲ့ရေရှည်အကျိုးကို မျှော်တွေးပြီး စနစ်တကျရွေးချယ်ဖွဲ့စည်းထားတာမို့ အမျိုးသားရေးမူဝါဒတွေကို ထိရောက်စွာအကောင်အထည်ဖော်နိုင်မယ့် အလားအလာကောင်းများ စုစည်းလျက်ရှိနေပါတယ်။

အနုတ်လက္ခဏာဆောင်တဲ့ အတိတ်က ပဋိပက္ခဒဏ်ရာတွေကိုသင်ခန်းစာယူပြီး ပြည်သူတွေလိုလားနေတဲ့ အေးချမ်းသာယာရေးကို အရောက်သွားဖို့ဆိုရင် ခိုင်မာတဲ့မူဝါဒနဲ့ ဦးဆောင်မှုရှိဖို့လိုပါတယ်။ အတိတ်က အဖွဲ့အစည်းတွေအကြား သဘောထားမတိုက်ဆိုင်လို့ ကြုံခဲ့ရတဲ့ပဋိပက္ခ သင်ခန်းစာတွေကို အခြေခံပြီး အပြုသဘောဆောင်တဲ့ လျှောက်လှမ်းမှုမျိုးကိုပဲ ပြည်သူတွေက မျှော်လင့်နေကြတာပါ။

**စည်းလုံးညီညွတ်မှုအကောင်းဆုံးအချိန်အခါ**

မြန်မာ့နိုင်ငံရေးသမိုင်းမှာ အုပ်ချုပ်ရေး (အစိုးရ)၊ ဥပဒေပြုရေး (လွှတ်တော်) နဲ့ကာကွယ်ရေး (တပ်မတော်) တို့အကြား သဘောထားကွဲလွဲမှုတွေကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ မကြာခဏပျက်ပြားခဲ့ရဖူးပါတယ်။

ဒါပေမဲ့ လက်ရှိအချိန်မှာတော့ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော် (၃) ရပ်လုံးရဲ့ စည်းလုံးမှု၊ စုစည်းမှုဟာ အားအကောင်းဆုံးအခြေအနေကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းကြီးသုံးခုအကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ စည်းလုံးမှုအားကောင်းနေတာဟာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ မြန်မြန်ဆန်ဆန်အရှိန်အဟုန်ရလာဖို့အတွက် အလွန်အားကိုးဖွယ်ကောင်းတဲ့ အခြေအနေပဲဖြစ်ပါတယ်။

> **"တိုင်းပြည်ကို ကောင်းစေချင်တယ်။ ကျွန်တော်တို့ နောက်ကျကျန်ခဲ့တယ်ဗျ။ ဒါစဉ်းစားကြည့်ပါ။ ကျွန်တော်တို့မှာ ခြေလှမ်းရှေ့တိုးတယ်ဆိုမှ အချုပ်အနှောင်နဲ့ ချုပ်နှောင်ထားတဲ့ ခြေလှမ်းနဲ့ ရှေ့တိုးနေရတာ။ တကယ်တော့မရောက်ဘူး။ ခုနအချုပ်အနှောင်ဆိုတာ ပြဿနာတွေနဲ့ ချုပ်နှောင်ထားတာ။ အခက်အခဲတွေနဲ့ ချုပ်နှောင်ထားတာ။ ကျွန်တော်တို့မှာ လွတ်လွတ်လပ်လပ်မရှိဘူး။ ပြောရရင်တော့ဗျာ မြင်းဇောင်းထဲကထွက်လာတဲ့မြင်းလို တစ်ခါတည်း ဝုန်းဝုန်းဝုန်းဆိုပြီး ထွက်သွားချင်တာ။ ဒီလိုသွားချင်တာ။ အခုက မသွားနိုင်ဘူး။ အတားအဆီးတွေ ရှိနေတယ်။ အဲဒီအတားအဆီးတွေက ပဋိပက္ခတွေပါ။ နိုင်ငံရေးပဋိပက္ခ၊ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်နေတယ်။ ကျွန်တော်တို့က ဒါကို ပြတ်အောင်၊ ရှင်းအောင်လုပ်ဖို့လိုတယ်။ ဒါကြောင့် ဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ကျွန်တော်တို့ ပြောချင်ပါတယ်။ EAO များကို ကျွန်တော်ပြောချင်တယ်၊ တကယ်ငြိမ်းချမ်းရေးလိုချင်ရင်လာခဲ့ပါ။ ဘာကြိုတင်သတ်မှတ်ချက်မှမရှိဘဲ ကျွန်တော်တို့ဆွေးနွေးမယ် . . ."**

**သမိုင်းဝင်ငြိမ်းချမ်းရေး အခွင့်အခါကောင်း**

အပြုသဘောဆောင်တဲ့ သတင်းကောင်းအနေနဲ့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဟာ ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှာ ကြေညာချက်အမှတ် (၁/၂၀၂၆) နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ဖိတ်ခေါ်ခဲ့ပြီးနောက် လက်တွေ့ကျကျတွေ့ဆုံဆွေးနွေးမှုတွေ မျက်ဝါးထင်ထင်ပေါ်ပေါက်လာခဲ့တာကို တွေ့ရပါတယ်။

ဒ့ါပြင် နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးအတွက် မည်သည့်ကြိုတင်သတ်မှတ်ချက်မှမထားဘဲ အေးချမ်းစွာဆွေးနွေးဖို့ ဖိတ်ခေါ်ထားတာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကလည်း ဇွန်လ ၂၆ ရက်နေ့ကကျင်းပခဲ့တဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးမှာ **"တိုင်းပြည်ကို ကောင်းစေချင်တယ်။ ကျွန်တော်တို့ နောက်ကျကျန်ခဲ့တယ်ဗျ။ ဒါစဉ်းစားကြည့်ပါ။ ကျွန်တော်တို့မှာ ခြေလှမ်းရှေ့တိုးတယ်ဆိုမှ အချုပ်အနှောင်နဲ့ ချုပ်နှောင်ထားတဲ့ ခြေလှမ်းနဲ့ ရှေ့တိုးနေရတာ။ တကယ်တော့မရောက်ဘူး။ ခုနအချုပ်အနှောင်ဆိုတာ ပြဿနာတွေနဲ့ ချုပ်နှောင်ထားတာ။ အခက်အခဲတွေနဲ့ ချုပ်နှောင်ထားတာ။ ကျွန်တော်တို့မှာ လွတ်လွတ်လပ်လပ်မရှိဘူး။ ပြောရရင်တော့ဗျာ မြင်းဇောင်းထဲက ထွက်လာတဲ့မြင်းလို တစ်ခါတည်း ဝုန်းဝုန်းဝုန်းဆိုပြီး ထွက်သွားချင်တာ။ ဒီလိုသွားချင်တာ။ အခုက မသွားနိုင်ဘူး။ အတားအဆီးတွေ ရှိနေတယ်။ အဲဒီအတားအဆီးတွေက ပဋိပက္ခတွေပါ။ နိုင်ငံရေးပဋိပက္ခ၊ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်နေတယ်။ ကျွန်တော်တို့က ဒါကို ပြတ်အောင်၊ ရှင်းအောင်လုပ်ဖို့လိုတယ်။ ဒါကြောင့် ဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ကျွန်တော်တို့ ပြောချင်ပါတယ်။ EAO များကို ကျွန်တော်ပြောချင်တယ်၊ တကယ်ငြိမ်းချမ်းရေးလိုချင်ရင်လာခဲ့ပါ။ ဘာကြိုတင်သတ်မှတ်ချက်မှမရှိဘဲ ကျွန်တော်တို့ဆွေးနွေးမယ်"** လို့ ပွင့်လင်းလွတ်လပ်စွာ အလေးအနက်ကမ်းလှမ်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။

တိုင်းပြည်တစ်ပြည် ထာဝရငြိမ်းချမ်းရေးရဖို့ဆိုတာ အခွင့်အရေးနဲ့ အချိန်အခါကောင်းကို မှန်မှန်ကန်ကန် ဆုပ်ကိုင်နိုင်ဖို့လိုပါတယ်။ အဓိကအဖွဲ့အစည်းကြီးတွေ စည်းလုံးညီညွတ်နေတဲ့ ယခုအချိန်ကာလဟာ ငြိမ်းချမ်းရေးရအောင် ကြိုးစားဖို့ အကောင်းဆုံး အခွင့်အခါကောင်းဖြစ်ပါတယ်။ ဒီလိုအဖွဲ့အစည်းကြီးတွေရဲ့ ညီညွတ်မှုနဲ့ မူဝါဒရေးရာဟန်ချက်ညီမှုရှိနေချိန်မျိုးမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ဦးတည်ဆောင်ရွက်မယ်ဆိုရင် ရေရှည်တည်တံ့မယ့် သဘောတူညီချက်တွေကို မလွဲမသွေရရှိနိုင်မှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ဒင်္ဂါးပြားတစ်ခုရဲ့ ခေါင်းနဲ့ပန်းလို ဒွန်တွဲနေတာဖြစ်ပါတယ်။ စစ်ပွဲတွေချုပ်ငြိမ်းပြီး တည်ငြိမ်သွားတဲ့အခါမှပဲ လမ်းတံတားတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ စတဲ့ တိုင်းကျိုးပြည်ပြုအခြေခံအဆောက်အအုံတွေကို ဆောက်လုပ်နိုင်မှာဖြစ်သလို ကလေးတွေရဲ့ အနာဂတ်အတွက်လည်း အာမခံချက်ရှိလာမှာပါ။ ဒါကြောင့် ငြိမ်းချမ်းရေးရရှိရေးဟာ ပြည်သူတို့ရဲ့ စီးပွားရေး၊ လူမှုရေးတိုးတက်ဖို့အတွက် အခြေခံအကျဆုံး လိုအပ်ချက်တစ်ခုအဖြစ် မလွဲမသွေတည်ရှိနေတာပါ။

**တိုင်းရင်းသားအဖွဲ့များနဲ့ နိုင်ငံရေးပါတီများရဲ့ အခန်းကဏ္ဍ**

ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်တို့အပြင် အခြား အဓိကပါဝင်ပတ်သက်သူတွေဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးပါတီတွေရဲ့ ပူးပေါင်းပါဝင်မှုကလည်း အထူးလိုအပ်ပါတယ်။

လက်ရှိရရှိထားတဲ့ စုစည်းညီညွတ်မှုအခြေအနေကို နိုင်ငံရေးပါတီတွေနဲ့ တိုင်းရင်းသားအဖွဲ့တွေက ရိုးသားတဲ့စိတ်ရင်းနဲ့ အကျိုးရှိရှိအသုံးချနိုင်ကြမယ်ဆိုရင် ငြိမ်းချမ်းရေးကို မလွဲမသွေဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရဲ့ အကျိုးကျေးဇူးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တန်းတူညီမျှခံစားကြရမှာမို့ နိုင်ငံရေးအရ အမြော်အမြင်ရှိရှိနဲ့ လက်တွဲဆောင်ရွက်ကြဖို့လိုအပ်တဲ့ အချိန်ပဲဖြစ်ပါတယ်။

ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို သွားတဲ့အခါ စေတနာမှန်ဖို့နဲ့ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ဖို့ကလည်း အရေးကြီးပါတယ်။ ပါဝင်ပတ်သက်သူအားလုံးက အတိတ်ကနာကြည်းချက်တွေနဲ့သံသယတွေကို ဘေးဖယ်ထားပြီး တိုင်းပြည်နဲ့ ပြည်သူ့အကျိုးကို ရှေ့တန်းတင် စေတနာထားဆွေးနွေးကြမယ်ဆိုရင် ဘာမဆိုကျော်လွှားနိုင်မှာသေချာပါတယ်။

**အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ အနာဂတ်မျှော်လင့်ချက်**

သမိုင်းကြောင်းအရ ကြုံတွေ့ခဲ့ရတဲ့ သံသယတွေနဲ့ ပဋိပက္ခတွေကို အဆုံးသတ်နိုင်ဖို့ နိုင်ငံတော်ရဲ့အဓိကမဏ္ဍိုင်ကြီးတွေက

**စာမျက်နှာ ၁၂ သို့** ❖

**❝ တိုင်းပြည်တစ်ပြည်ထာဝရငြိမ်းချမ်းရေးရဖို့ဆိုတာ အခွင့်အရေးနဲ့အချိန်အခါကောင်းကို မှန်မှန်ကန်ကန်ဆုပ်ကိုင်နိုင်ဖို့လိုပါတယ်။ အဓိကအဖွဲ့အစည်းကြီးတွေ စည်းလုံးညီညွတ်နေတဲ့ ယခုအချိန်ကာလဟာ ငြိမ်းချမ်းရေးရအောင်ကြိုးစားဖို့ အကောင်းဆုံးအခွင့်အခါကောင်း ဖြစ်ပါတယ်။ ဒီလိုအဖွဲ့အစည်းကြီးတွေရဲ့ ညီညွတ်မှုနဲ့ မူဝါဒရေးရာဟန်ချက်ညီမှုရှိနေချိန်မျိုးမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ဦးတည်ဆောင်ရွက်မယ်ဆိုရင် ရေရှည်တည်တံ့မယ့် သဘောတူညီချက်တွေကို မလွဲမသွေရရှိနိုင်မှာဖြစ် . . .❞**

❖ စာမျက်နှာ ၁၁ မှအဆက်

တစ်သံတည်းထွက်ပြီး စည်းလုံးစွာဆောင်ရွက်နေတဲ့ အခြေအနေဟာ ပြည်သူတစ်ရပ်လုံးအတွက် ကြီးမားတဲ့မျှော်လင့်ချက်ကို ပေးနေပါတယ်။

နိုင်ငံတော်ရဲ့ ရေရှည်အကျိုးကိုရှေးရှုတဲ့ ဒီစုစည်းညီညွတ်မှုဟာ တိုင်းပြည်အတွင်း နှစ်ပေါင်းများစွာ အမြစ်တွယ်နေခဲ့တဲ့ အမုန်းတရားနဲ့ စစ်ပွဲတွေကို ချုပ်ငြိမ်းစေမယ့် အခွင့်အလမ်းဖြစ်တာ ငြင်းကွယ်လို့မရပါဘူး။

ချုပ်ပြီးပြောရရင်တော့ ပြည်သူတစ်ရပ်လုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့ကြရတဲ့ ထာဝရငြိမ်းချမ်းရေးပန်းတိုင်ဆီရောက်ဖို့အတွက် တကယ်ကိုသမိုင်းဝင်အခွင့်အခါကောင်းတစ်ခု စတင်ပေါ်ပေါက်လို့လာပါပြီ။ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်တို့ရဲ့ ကျောက်ဆောင်ကျောက်သားပမာ ခိုင်မာမြဲမြံတဲ့ စည်းလုံးညီညွတ်မှု၊ နိုင်ငံတော်သမ္မတကြီးရဲ့ ရင့်ကျက်တဲ့အတွေ့အကြုံကြွယ်ဝမှုများပြားမှုတို့က ငြိမ်းချမ်းရေးခရီးလမ်းအတွက် အားကောင်းစွာ မီးမောင်းထိုးပြနေတာပဲဖြစ်ပါတယ်။ ဒီလို အချိန်အခါကောင်းမျိုးမှာ ပါဝင်ပတ်သက်သူအားလုံးက နိုင်ငံရေးအမြော်အမြင်အပြည့်နဲ့ သမိုင်းပေးတာဝန်ကို ကျေပွန်စွာလက်တွဲဆောင်ရွက်ရင်း စစ်မှန်တဲ့ငြိမ်းချမ်းရေးသမိုင်းသစ်ကို တန်းတူညီမျှ အတူတကွရေးထိုးသွားကြပါစို့လို့ အလေးအနက်ထား တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

**မောင်ရင်သွေး**

## (၂၃)ကြိမ်မြောက် မြို့လုံးကျွတ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



ဘားအံ ဇူလိုင် ၂၆

ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော(၂၃)ကြိမ်မြောက်မြို့လုံးကျွတ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ဘားအံမြို့ ဇွဲကပင်ခန်းမဥ္စကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ နောင်လုံ့ဌာန်ပတိုင်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒအမှူးပြုသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဦးစွာ ကြွရောက်ချီးမြှင့်တော်မူသော ဆရာတော်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ မြို့လုံးကျွတ်စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို စတင်ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ နောင်လုံ့ဌာန်ပတိုင်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့်မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်စေတနာရှင်အလှူရှင်များက ကြွရောက်ချီးမြှင့်တော်မူသော ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် (၂၃)ကြိမ်မြောက် မြို့လုံးကျွတ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဘားအံမြို့၌ ပုရိမဝါဆိုဝါကပ်တော်မူကြမည့် ဘုန်းတော်ကြီးကျောင်းပေါင်း ၆၈ ကျောင်းမှ ရဟန်းတော် ၂၄၇၃ ပါး၊ သာမဏေကြီး ၄၄၆ ပါး၊ သီလရှင်ပရိယတ္တိစာသင်တိုက် ကိုးကျောင်းမှ သီလရှင်ဆရာကြီး ၉၀၄ ပါး၊ သီလရှင်အငယ် ၁၅၉ ပါး၊ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၃၉၈၂ ပါးတို့ကို ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တာချီလိတ်မြို့နယ် မိုင်းပါလျှိုးကျေးရွာအုပ်စုတွင် ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုတိုးမြှင့်ရန် MPT မိုဘိုင်းစခန်းသစ်ဖွင့်လှစ်



ကျိုင်းလပ် ဇူလိုင် ၂၆

တာချီလိတ်မြို့နယ် မိုင်းပါလျှိုးကျေးရွာအုပ်စု ဝမ်လန်း(မိုင်းလန်း)ကျေးရွာ၌ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)၏ မိုဘိုင်းစခန်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွန်ခမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်ဦးစီးမှူး ဦးဇော်လွင်ထွန်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်မျိုးငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မိုဘိုင်းစခန်းအတွင်းရှိဆက်သွယ်ရေးစက်ကိရိယာများနှင့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဦးစီးမှူးက မိုဘိုင်းစခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များနှင့် ဒေသခံပြည်သူများ ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မိုဘိုင်းစခန်းသစ်သည် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်း ၂၇ ခုအနက် တစ်ခုဖြစ်ပြီး ဆက်သွယ်ရေးလိုင်းအားနည်းနေသည့် နယ်စပ်နှင့် ကျေးလက်ဒေသများတွင် မိုဘိုင်းဖုန်းနှင့်အင်တာနက်ဝန်ဆောင်မှုများ ပိုမိုတည်ငြိမ်ကောင်းမွန်စေရန်၊ ဒီဂျစ်တယ်ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုတိုးမြှင့်ရန်၊ ဒေသခံပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အရေးပေါ်ဆက်သွယ်ရေးကဏ္ဍများတွင် လျှင်မြန်ထိရောက်သော ဝန်ဆောင်မှုများ ရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(၄၁၁)**

## ခရိုင်အဆင့် အသက် ၁၄ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ U-14 Boys Royal-D CUP 2026 ဘောလုံးပြိုင်ပွဲကျင်းပ

တွံတေး ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင်အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၄ နှစ်အောက် U-14 Boys Royal-D CUP 2026 ဘောလုံးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် တွံတေးမြို့နယ် မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲတွင်ယှဉ်ပြိုင်ကစားမည့် တွံတေးမြို့နယ်မှ အ.လ.က(ပြသတိုက်)၊ ဒလမြို့နယ်မှအ.ထ.က (ပျော်ဘွယ်ကြီး)၊ ကော့မှူးမြို့နယ်မှ အ.လ.က(ပိန္နဲကုန်း)၊ ကွမ်းခြံကုန်းမြို့နယ်မှအ.ထ.က(ဝက်ကိုက်)နှင့်ဆိပ်ကြီးခနောင်တိုမြို့နယ်မှ အ.လ.က (ခနောင်တို)တို့မှအသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား တွံတေးခရိုင် ခရိုင်ပညာရေးမှူးဒေါ်ဝင်းရည်မွန်က ပြိုင်ပွဲဝင်ကျောင်းသားများအား အားကစားသမားများအနေဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန်၊ နိုင်ငံ့ကိုယ်စားပြု အားကစားသမားကောင်းများ ပေါ်ထွက်လာနိုင်ရန်နှင့် အကောင်းဆုံးယှဉ်ပြိုင်ကစားကြရန် ပြောကြားခဲ့သည်။

ယင်းနောက်ပြိုင်ပွဲကိုဆက်လက်ကျင်းပရာ ပထမပွဲစဉ်အဖြစ် အ.ထ.က(ဝက်ကိုက်)အသင်းနှင့်အ.လ.က (ခနောင်တို)အသင်းတို့ ယှဉ်ပြိုင်ကြရာ အ.ထ.က(ဝက်ကိုက်)အသင်းက အ.လ.က (ခနောင်တို)အသင်းကို ၅ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် အ.လ.က(ပြသတိုက်)အသင်းနှင့်အ.ထ.က (ပျော်ဘွယ်ကြီး)အသင်းတို့ ယှဉ်ပြိုင်ကြရာ ဂိုးမရှိသရေဖြစ်နေ၍ ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းကြရာ အ.လ.က (ပြသတိုက်)အသင်းက အ.ထ.က (ပျော်ဘွယ်ကြီး)အသင်းကို ၆ ဂိုး ၄ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံ အသက်၁၄ နှစ်အောက် U-14 Boys Royal-D CUP 2026 ဘောလုံးပြိုင်ပွဲကို မြို့နယ်ငါးမြို့နယ်မှအသင်းငါးသင်းယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဗိုလ်လုပွဲကို ဇူလိုင်လ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **မျိုးလှိုင်(တွံတေး)**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

## အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



**ကျွန်းစု ဇူလိုင် ၂၆**

အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျွန်းစုမြို့ အမှတ်(၄) ရပ်ကွက်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဇော်နိုင်ဦး၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ပြည်ဖြိုးထွန်း ကုမ္ပဏီဝန်ထမ်းများက ဖြူးအုပ်ဆောင်း၊ ဖြူးခြေထောက်၊ လမု၊ ကနစို၊ ကျနု၊ ပင်လယ်အုန်း စသည့်အပင်ပေါင်း ၁၂၂၁ ပင်ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ယမန်နေ့ကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် Royal Myeik Hotel ၌ ကျင်းပသည့်မြိတ်မြို့ ဒေသဆိုင်ရာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မြိတ်မြို့ ခရီးစဉ်ဒေသတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှု၊ လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်ချက်များနှင့်အခက်အခဲများကို အကြံပြုဆွေးနွေးတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းရှင်များက တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၂၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အသစ်ဆောက်လုပ်ပြီးစီးသော အများသုံးသန့်စင်ခန်း လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏အလယ်ပစ္စယာပတ်လမ်းစနေထောင့်၌ အသစ်ဆောက်လုပ်ပြီးစီးသော အများသုံးသန့်စင်ခန်း လွှဲပြောင်းပေးအပ်ပွဲနှင့်ရေစက်ချပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ ဂေါပကအဖွဲ့များနှင့်အလှူရှင်မိသားစုတို့က အများသုံးသန့်စင်ခန်း အဆောက်အအုံကို ဖွင့်လှစ်ပေးကြပြီး ဂေါပကအဖွဲ့ထံ သန့်စင်ခန်းအဆောက်




အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ပေးအပ်သည်။

ထို့နောက် ရေစက်ချပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**မြဝတီ**

## ဖျာပုံမြို့နယ်၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဖျာပုံ ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့ ပျဉ်ဒရယ်သစ်တောကြိုးဝိုင်း အကွက်အမှတ်(၅၆)တွင် ဖျာပုံမြို့နယ်သစ်တောဦးစီးဌာနမှဦးဆောင်၍ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုမျှတပြီး အပူချိန်ထိန်းညှိပေးရန်၊ သစ်တောသယံဇာတရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်နှင့်ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းရန်နှင့်သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ဖျာပုံမြို့နယ် အမာမြို့ ပျဉ်ဒရယ်သစ်တောကြိုးဝိုင်း အကွက်အမှတ် (၅၆)တွင် ကျင်းပစိုက်ပျိုးခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့်တာဝန်ရှိသူများက ပျိုးပင်များကို ပေးအပ်ရာ အမာမြို့ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတော ဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦး၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများမှ ဒေသနှင့်ကိုက်ညီသည့် သစ်မျိုးများဖြစ်သည့် ဖြူးရွှေဝါ၊ ဖြူးအုပ်ဆောင်း၊ သမဲ့ကြီး၊ ကျနု၊ တရော၊ မဒမ၊ ကနစို စသည့်သစ်မျိုးခုနစ်မျိုး စုစုပေါင်း ၈၁၀ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**နေကိုထိုက်**

## အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း တက်ရောက်



**မော်လမြိုင် ဇူလိုင် ၂၆**

၂၀၂၆ ခုနှစ်အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ပေါင်မြို့နယ် အလုပ်ကျေးရွာအုပ်စု ဆယ်အိမ်စုရပ်ပင်လယ်ကမ်းခြေ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအဖွဲ့အစည်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဖြူးရွှေဝါ၊ သမဲ့ စသည့်ပျိုးပင်ပေါင်း ၁၂၁၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပေါင်မြို့နယ်အတွင်း၌ မိုးစပါးများ စိုက်ပျိုးထားရှိမှု၊ အလုပ်ကျေးရွာရှိ အလုပ်ရေငန်တားတာတမံကြံ့ခိုင်မှုနှင့် ပြန်လည်ပြင်ဆင်အဆင့်မြှင့်တင်ရေး လုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)ကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇူလိုင် ၂၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)ပတ်လမ်းများ သန့်ရှင်းသာယာရေး၊ လှိုင်နယ်မြေအတွင်းရှိ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်၊ ဆရာ၊ ဆရာမဆောင်၊ အရာထမ်း၊ အမှုထမ်းအိမ်ရာပေါင်း ၃၁ ဆောင်တွင် ရေမီးပြည့်စုံရေး၊ လုံခြုံရေး၊ သာယာရေးနှင့်ကစားကွင်းများ ဖြည့်ဆည်းရေး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)စာသင်ဆောင်များဥပဓိရုပ်ကောင်းမွန်ရေးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်(၂၅)နှစ်မြောက် ငွေရတုအခမ်းအနားကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုသွားရောက်ကြည့်ရှုပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြဝတီ**

● စာမျက်နှာ ၁၅ မှအဆက်

မိုးကောင်းသောက်ဧရိယာတွေမှာ မြေအောက်ရေရနိုင်မယ့် ရေအရင်းအမြစ်တွေနဲ့နီးစပ်ရင် နေရောင်ခြည်စွမ်းအင်သုံး Tube Well တွေ တူးဖော်အသုံးပြုပြီး ရေအလိုအပ်ဆုံးအချိန်ဖြစ်တဲ့ သီးပွင့်ချိန်တွေမှာ ဖြည့်စွက်ရေရယူသုံးစွဲနိုင်အောင် စီမံဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဒါ့အပြင် ဝါကြိတ်စက်နဲ့ ဝါစေ့ဆီစက်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေထုတ်ချေးပေးတာ၊ ခေတ်မီစက်တွေနဲ့ စက်အရန်ပစ္စည်းတွေ တင်သွင်းခွင့်ပြုတာ၊ ဝါဈေးနှုန်းကို ဆန်စပါးလိုမျိုး အခြေခံရည်ညွှန်းဈေးနှုန်းသတ်မှတ်ပေးတာနဲ့ စက်ရုံတွေအတွက် တည်ငြိမ်တဲ့ လျှပ်စစ်ဓာတ်အား ၂၄ နာရီရရှိရေးတို့ကိုလည်း နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**ဝါအထွက်တိုးရေးနည်းလမ်းများနှင့် သုတေသနကဏ္ဍ**

ဝါစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူဦးကြီးတွေအနေနဲ့ အထွက်နှုန်းတိုးစေမယ့် နည်းလမ်း ၁၀ ချက်ဖြစ်တဲ့ (၁) မျိုးကောင်းမျိုးသန့်အသုံးပြုခြင်း၊ (၂) စနစ်တကျစိုက်ပျိုးမြေပြုပြင်ခြင်း၊ (၃) စိုက်ချိန်မှန်ကန်စေခြင်း၊ (၄) တစ်ဧက သတ်မှတ်အပင်ဦးရေ ပြည့်မီအောင် ဆောင်ရွက်ခြင်း၊ (၅) အချိန်မီအပင်သားခွဲခြင်း၊ (၆) ပေါင်းမြက်များ အချိန်မီရှင်းလင်းခြင်း၊ (၇) သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာများ အချိုးညီ အချိန်ကိုက်ထည့်သွင်းခြင်း၊ (၈) ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းခြင်း၊ (၉) လိုအပ်သလို ရေသွင်း/ ရေထုတ်ပြုလုပ်ခြင်း၊ (၁၀) စနစ်တကျ ဝါကောက်သိမ်းခြင်းနဲ့ ရိတ်သိမ်းချိန်လွန် နည်းပညာတွေကို တိတိကျကျလိုက်နာဆောင်ရွက်ဖို့ ပညာပေးလုပ်ငန်းတွေ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

ဒီလုပ်ငန်းတွေအပြင် သီးထပ်စွမ်းအားတွေ မြင့်မားကောင်းမွန်စေရေး ဆောင်ရွက်ဖို့၊ မျိုးကောင်းမျိုးသန့်သစ်တွေထုတ်လုပ်ဖို့နဲ့ အထွက်တိုးစိုက်ပျိုးနည်းစနစ်တွေဖော်ထုတ်ဖို့ သုတေသနလုပ်ငန်းတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်နေပြီး ရလာတဲ့ရလဒ်ကောင်းတွေကို တောင်သူတွေထံ နည်းပညာဖြန့်ဝေပေးလျက်ရှိပါတယ်။ နောက်ပိုင်းမှာ တောင်သူကိုယ်တိုင်ပါဝင်ပူးပေါင်းတဲ့ ဝါမျိုးရွေးချယ်မှုသုတေသနတွေကိုပါ တောင်သူစိုက်ခင်းတွေထဲမှာ တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**နည်းပညာပြန့်ပွားရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်ခြင်း**

နည်းပညာပြန့်ပွားရေးအတွက်လည်း ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနဲ့ပတ်သက်ပြီး လိုအပ်တဲ့သွင်းအားစုထည့်သွင်းမှု နည်းပညာတွေ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းမှု နည်းပညာတွေနဲ့ ရိတ်သိမ်းချိန်လွန်နည်းပညာတွေကို ဝါနဲ့ လျှော်မျှင်ထွက်သီးနှံဌာနခွဲက ပညာရှင်တွေနဲ့ မြေ၊ မျိုး၊ ပိုး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် (SMS)တွေ ပေါင်းစပ်ပြီး ဇုန်အသီးသီးက ဝါသီးနှံပညာပေးဝန်ထမ်းတွေအတွက် Trainings of Trainers (ToT) သင်တန်းတွေပေးတာ၊ ဆွေးနွေးပွဲတွေဆောင်ရွက်တာ၊ ပညာပေး လက်ကမ်းစာစောင်နဲ့ စာအုပ်တွေ ဖြန့်ဝေတာတွေကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

တောင်သူတွေ မျက်မြင်သိရှိလိုက်နာကျင့်သုံးလာစေဖို့အတွက် သင်တန်းတွေ၊ ကွင်းသရုပ်ပြပွဲတွေ၊ ဆွေးနွေးပွဲတွေပြုလုပ်ပြီး နည်းပညာစာအုပ်၊ စာစောင်တွေကိုလည်း စနစ်တကျဖြန့်ဝေပေးသွားမယ့်အပြင် ပြည်တွင်းပြည်ပဈေးကွက်များရရှိရေးကိုလည်း ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ခြုံပြီးပြောရရင်တော့ ရေခံမြေခံကောင်းတဲ့ ကျွန်တော်တို့နိုင်ငံမှာ ဝါစိုက်ပျိုးထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်တင်တာဟာ ရိုးရိုးစိုက်ပျိုးရေးလုပ်ငန်းတစ်ခုတင်မဟုတ်ပါဘူး။ နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းက ပြန်ပြီးနိုးထလာစေမယ့် အနာဂတ်မျှော်လင့်ချက်တစ်ခုလည်း ဖြစ်ပါတယ်။ တစ်ဧကပန်းတိုင်အထွက်နှုန်းပြည့်မီဖို့ မဟာဗျူဟာမြောက်စီမံကိန်းတွေနဲ့ ကြိုးပမ်းနေတဲ့နေရာမှာ အစိုးရရဲ့ ပံ့ပိုးမှု၊ ပညာရှင်တွေရဲ့ နည်းပညာနဲ့ တောင်သူဦးကြီးတွေရဲ့ လက်တွေ့လုပ်ကိုင်နိုင်စွမ်းတို့ ဟန်ချက်ညီညီ ပေါင်းစပ်ဖို့ လိုအပ်ပါတယ်။

ဒါမှလည်း အဖြူရောင်ဝါဂွမ်းကနေ အရည်အသွေးမြင့် ချည်ထည်တွေအထိ ပြည်တွင်းကွင်းဆက်တစ်ခုလုံး အားကောင်းလာပြီး ကျေးလက်စီးပွားရေးတိုးတက်လာမယ့်အပြင် နိုင်ငံ့စီးပွားရေးလည်း ဘက်စုံမြင့်မားလာမှာပါ။ ဒါကြောင့် ဒီပန်းတိုင်ရည်မှန်းချက် အောင်မြင်ဖို့အတွက် ကဏ္ဍစုံက လုပ်ငန်းရှင်တွေ၊ တောင်သူဦးကြီးတွေနဲ့ စိုက်ပျိုးပညာပေး ဝန်ထမ်းတွေအားလုံး တက်ညီလက်ညီ၊ လက်တွဲညီညီနဲ့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိနေပါကြောင်း မိဘပြည်သူများသို့ သတင်းကောင်း ပါးလိုက်ရပါတယ်။ ။

## မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့ Mountain Bike (MTB)လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောဦးစီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)သို့ Mountain Bike (MTB)လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှသိရသည်။

သဘာဝအလှအပကို ခံစားရင်း စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ကျော်ဖြတ်လိုသူများအတွက် mountain Bike(MTB)လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲကို ဩဂုတ်လ ၁၅ ရက် နံနက် ၅ နာရီခွဲတွင် Start Point တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)အရှေ့မှ Finish Point အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်) အထိ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် အမျိုးသား/အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် သဘာဝလမ်းကြောင်းများကို ဖြတ်သန်းစီးနင်းရင်း မိမိတို့၏ကြံ့ခိုင်မှု၊ ဖွဲ့လုံ့လနှင့်စက်ဘီးစီးကျွမ်းကျင်မှုများကို ပြသနိုင်မည့် အခွင့်အရေးကောင်းတစ်ခုဖြစ်သည့်အတွက် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားပြီး ပြိုင်ပွဲဝင်များအားလုံး စက်ဘီးစီးဦးထုပ်များ မဖြစ်မနေ ဝတ်ဆင်ရမည်ဖြစ်ကာ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို လိုက်နာပေးရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ထို့နောက် အသေးစိတ် မှတ်ပုံတင်ခြင်းဆိုင်ရာများ၊ ပြိုင်ပွဲလမ်းကြောင်းနှင့် ဆုချီးမြှင့်မှု အစီအစဉ်များကို ဆက်လက်ကြေညာသွားမည်ဖြစ်ပြီး ပြိုင်ပွဲအတွင်း ပြိုင်ပွဲဝင်များအား အဆင့်လိုက်အထူးဆုများကိုလည်း ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ MT

### လေဖိအားနည်းရပ်ဝန်း နောက်နှစ်ရက်အတွင်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂ ရက်အတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရပါသည်။

(မိုး/ဇလ)

### မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် မွေးမြူရေး တိရစ္ဆာန်များပေးအပ်

ပင်လောင်း ဇူလိုင် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းဒေသ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ကိုင်နိုင်ရန် ဒေသဝက်နှင့်ကြက်များပေးအပ်ပွဲကို ဇူလိုင်လ ၂၆ ရက်တွင် ပေါ့အင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါက်တာစိုးအောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာစိုင်းအေးလှိုင်တို့က မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းဒေသများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ဒေသဝက်ငါးကောင်နှင့် ဒေသကြက် အကောင် ၅၀ တို့ကို ကျေးရွာမွေးမြူရေးလုပ်ငန်းကော်မတီဝင်ထံသို့ ပေးအပ်ပြီး ကျေးရွာမွေးမြူရေးလုပ်ငန်းကော်မတီဝင်များက မွေးမြူရေးလုပ်ကိုင်မည့် ဒေသခံပြည်သူများထံသို့ ပြန်လည်ပေးအပ်ကြကြောင်း သိရသည်။

ပင်လောင်းမြို့နယ်(ပြန်/ဆက်)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၂၇-၇-၂၀၂၆(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

### မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

➢ ရှေ့ဖုံးမှအဆက်

ရေမိုင် ၁၀၀ မိုင်ခန့်နှင့် ဆာဂါကျွန်း(Sagar Island)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၇၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟုသတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် မွန်းလွဲ ၁ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၂၀ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၈ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

အဆိုပါမုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း အားကောင်းသောမုန်တိုင်းငယ် (Deep Depression)အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပါရာဒစ်ရှ်မြို့နှင့် ဆာဂါကျွန်းတို့ အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ပန်းတိုင်အထွက်နှုန်းဆီသို့ချီတက်မည့် မြန်မာ့ဝါစိုက်ပျိုးရေး

မောင်ချည်မျှင်

**တကယ်တော့ ဝါဟာ** ကျွန်တော်တို့ ဝတ်ဖို့ဆင်ဖို့တင်မကဘဲ နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးနေတဲ့ ရွှေဖြူရတနာတစ်ပါးလည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကမ္ဘာ့ဝါဂွမ်းဈေးကွက်မြင့်တက်နေတာမို့ မိမိတို့နိုင်ငံရဲ့ ဝါစိုက်ပျိုးထုတ်လုပ်မှုကို ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် မြှင့်တင်နိုင်မယ်ဆိုရင် ကျေးလက်နေပြည်သူတွေရဲ့လူနေမှုဘဝတိုးတက်လာမယ့်အပြင် နိုင်ငံခြားဝင်ငွေလည်း အမြောက်အမြားရရှိလာမှာပါ။ ဒါကြောင့် ပန်းတိုင်အထွက်နှုန်းဆီကို ချီတက်နေတဲ့ မြန်မာ့ဝါစိုက်ပျိုးရေးကဏ္ဍအကြောင်း တင်ပြလိုက်ရပါတယ်။

မြန်မာနိုင်ငံမှာ ဝါစိုက်ပျိုးထုတ်လုပ်တာဟာ ပြည်တွင်းကလူတွေရဲ့ ဝတ်ရေးကို ဖူလုံစေရုံတင်မဟုတ်ပါဘူး။ ပြည်တွင်းမှာ လိုအပ်နေတဲ့ စက်မှုကုန်ကြမ်းတွေကို ဖြည့်ဆည်းပေးနိုင်သလို ပြည်ပကနေ ချည်ထည်တွေမှာယူတင်သွင်းနေရတာကိုလည်း လျှော့ချပေးနိုင်ပါတယ်။ ဒါတင်မကသေးဘဲ ပိုလျှံတဲ့ပမာဏကို ပြည်ပအထိ တင်ပို့ရောင်းချနိုင်လို့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အများကြီး အထောက်အကူပြုနေတာပါ။

လက်ရှိ ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်အရ မြန်မာနိုင်ငံလူဦးရေရဲ့ ၄၆ ရာခိုင်နှုန်းဟာ ဆင်းရဲနွမ်းပါးမှုစာရင်းမှာပါဝင်နေပြီး ဒါဟာ အဓိကအားဖြင့် နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ ကျေးလက်နေပြည်သူတွေရဲ့ စီးပွားရေးအပေါ် မူတည်နေပါတယ်။ စိုက်ပျိုးရေးကဏ္ဍဟာ နိုင်ငံ့ဂျီဒီပီ(GDP)ရဲ့ ၂၃ ဒသမ ၇ ရာခိုင်နှုန်းအထိပါဝင်နေပြီး လူဦးရေရဲ့ ၄၆ ရာခိုင်နှုန်းလောက်ဟာ စိုက်ပျိုးမွေးမြူရေးနဲ့ ဆက်စပ်လုပ်ငန်းတွေမှာ အသက်မွေးနေကြတာဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်စီးပွားရေးဖွံ့ဖြိုးပြီး ဆင်းရဲနွမ်းပါးမှုလျှော့ကျဖို့ဆိုရင် လယ်ယာထွက်ကုန်တွေ



အထူးသဖြင့် ဝါသီးနှံလို တန်ဖိုးမြင့်စက်မှုကုန်ကြမ်းသီးနှံတွေ ပိုမိုတိုးတက်လာဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်ရဲ့ တိုးတက်မှုစံနှုန်းကို ဂျီဒီပီနဲ့တိုင်းတာရာမှာ လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှုဆိုတဲ့ ကဏ္ဍကြီးသုံးရပ်စလုံး ဟန်ချက်ညီတိုးတက်ဖို့လိုပြီး နိုင်ငံတော်ကို စိုက်ပျိုးရေးအခြေခံစက်မှုနိုင်ငံ (Agro-Based Industries) အဖြစ် ဖော်ဆောင်ရာမှာ ဝါဟာ အလွန်အရေးကြီးတဲ့ ကဏ္ဍက ပါဝင်နေပါတယ်။ ဝါကနေ ဝါဂွမ်း၊ ဝါဂွမ်းကနေ ချည်နဲ့ချည်ထည်၊ ဝါစေ့ကနေ ဆီနဲ့တိရစ္ဆာန်အစာအဖြစ်သုံးနိုင်တဲ့ ဝါစေ့ကြိတ်ဖတ်တွေအထိ ကွင်းဆက်တစ်ခုလုံး ထုတ်လုပ်နိုင်လို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ဝါသီးနှံကို မြန်မာနိုင်ငံရဲ့ စိုက်ပျိုးထုတ်လုပ်မှုမှာ အရေးပါလှတဲ့ မဏ္ဍိုင်သီးနှံ ၁၀ မျိုးထဲက တစ်ခုအဖြစ်ထည့်သွင်းပြီး အရှိန်အဟုန်မြှင့်တိုးတက်လာဖို့ အလေးထားတွန်းအားပေး ဆောင်ရွက်နေတာဖြစ်ပါတယ်။

**ငါးနှစ်စီမံကိန်းနှင့် ရှေ့ဆက်မည့်ခြေလှမ်းများ**

ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးဟာ နိုင်ငံ့စီးပွားရေးအတွက် အရေးကြီးလှတဲ့လုပ်ငန်းတစ်ခုဖြစ်တာကြောင့် ၂၀၂၂-၂၀၂၃ ခုနှစ်ကတည်းက “ချည်မျှင်ရှည်ဝါ တိုးတက်ထုတ်လုပ်ရေးစီမံကိန်း”ကို စနစ်တကျရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ခဲ့ပါတယ်။ အခုဆိုရင်တော့ ၂၀၂၃-၂၀၂၄ ခုနှစ်ကနေ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ ငါးနှစ်စီမံကိန်းကို ဆက်လက်ချမှတ်ပြီး လုပ်ငန်းတွေကို တစိုက်မတ်မတ်လုပ်ဆောင်နေပြီဖြစ်ပါတယ်။ လက်ရှိမျှော်မှန်းချက်ကတော့ စိုက်ပျိုးထားတဲ့ ဝါတစ်ဧကကို ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိစေဖို့ပဲဖြစ်ပါတယ်။

ဒီလို ပန်းတိုင်ရည်မှန်းချက်နဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ ဇူလိုင်လ ၁၂ ရက်က မကွေးမြို့မှာကျင်းပခဲ့တဲ့ “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲမှာ နိုင်ငံတော်သမ္မတကြီးက အမှာစကားပြောကြားခဲ့ပါတယ်။ အဲ့ဒီလိုပြောကြားရာမှာ **“လက်ရှိကမ္ဘာတွင်ပေါက်ဈေးအရ ဝါဂွမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀၀ နှင့် ၁၉၀၀ ကြားတွင်ရှိပြီး မိမိတို့နိုင်ငံတွင် သတ်မှတ်ထားသည့် ဝါတစ်ဧက ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပိုလျှံထွက်ရှိသည့် ဝါဂွမ်းများရောင်းချရရှိငွေမှာ အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် နိုင်ငံတော်အနေနဲ့လည်း လိုအပ်တာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပြီး အစိုးရအဖွဲ့တာဝန်ယူချိန်ကာလအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုကို အောင်မြင်အောင် ဆောင်ရွက်သွားမယ်လို့ လေးနက်စွာလမ်းညွှန်ပြောကြားခဲ့ပါတယ်။ အားလုံးကသာ အလေးထားဆောင်ရွက်ကြမယ်ဆိုရင် ဝါစိုက်တောင်သူတွေ၊ ဝါထုတ်ကုန်လုပ်ငန်းလုပ်ကိုင်သူတွေနဲ့ နိုင်ငံတော်အတွက်ပါ အများကြီးအကျိုးဖြစ်ထွန်းလာမှာ သေချာပါတယ်။



**ကိန်းဂဏန်းတွေက သက်သေပြနေသည့် တိုးတက်မှုအခြေအနေ**

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စီမံကိန်းကာလအတွင်း နိုင်ငံတော်အကြီးအကဲရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့အတူ မျိုးစေ့ထုတ်ဧရိယာတွေ သတ်မှတ်တာ၊ စံပြကွက်နဲ့စမ်းသပ်ကွက်တွေဖော်ဆောင်တာ၊ သွင်းအားစုတွေပံ့ပိုးပေးပြီး နည်းပညာပေးလုပ်ငန်းတွေ လုပ်ဆောင်တာတွေကို စနစ်တကျပံ့ပိုးပေးနိုင်ခဲ့လို့ အခုဆိုရင် သိသိသာသာတိုးတက်လာတာ တွေ့ရပါတယ်။

၂၀၂၁-၂၀၂၂ ခုနှစ်တုန်းက တစ်နိုင်ငံလုံး ပျမ်းမျှ ဝါစိုက်ဧက ၃ ဒသမ ၉ သိန်းကျော်မှာ တစ်ဧက အထွက်နှုန်း ၄၃၆ ပိဿာပဲ ရှိခဲ့ရာကနေ ၂၀၂၅-၂၀၂၆ ခုနှစ်မှာတော့ ဝါစိုက်ဧက ၅ ဒသမ ၄ သိန်းကျော်အထိ တိုးတက်လာပြီး တစ်ဧကအထွက်နှုန်းကလည်း ၄၉၉ ဒသမ ၂ ပိဿာအထိ မြင့်တက်လာခဲ့ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဝါထွက်ရှိမှု ပိဿာချိန်ပေါင်း ၂၇၄၃ သိန်းကျော်အထိ ထွက်ရှိခဲ့လို့ လက်ရှိ ပြည်တွင်းဝါလိုအပ်ချက်ထက် များစွာပိုလျှံနေပြီဖြစ်ပါတယ်။ ဒါပေမဲ့လည်း အခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ကြည့်ရင် ထုတ်လုပ်မှုစွမ်းရည်က အားနည်းနေသေးတာမို့ ပန်းတိုင်ရည်မှန်းချက်ပြည့်မီဖို့ တောင်သူတွေနဲ့ အစိုးရ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းသွားဖို့ လိုအပ်နေဆဲဖြစ်ပါတယ်။

**မဟာဗျူဟာမြောက် ဝါသီးနှံဇုန်များသတ်မှတ်ခြင်းနှင့် ကွင်းဆက်မြှင့်တင်မှု**

ဒီလို ဝါသီးနှံပန်းတိုင်အထွက်နှုန်း တစ်ဧက ပိဿာ ၇၀၀ ရရှိဖို့နဲ့ အရည်အသွေးကောင်းမွန်တဲ့ ဝါတွေ ထွက်လာဖို့အတွက် အဓိကလုပ်ငန်းစဉ်ကြီးတွေကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ဝါကို အဓိကစိုက်ပျိုးထုတ်လုပ်နေတဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ် တောင်ကြီးခရိုင် အစရှိတဲ့ ခရိုင် ၂၆ ခရိုင်၊ မြို့နယ် ၇၆ မြို့နယ်ကို စုစည်းပြီး ဇုန်ပေါင်း ၁၄ ဇုန် သတ်မှတ်လိုက်ပါတယ်။

ဝါစိုက်ပျိုးမှုကနေ အထည်အလိပ်စက်မှုလုပ်ငန်းအထိ ကွင်းဆက်တစ်ခုလုံး (Value Chain) တစ်ပြိုင်နက်မြှင့်တင်နိုင်ဖို့အတွက် မကွေးမြို့မှာပြုလုပ်ကျင်းပခဲ့တဲ့ “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲမှာ ဝါစိုက်တောင်သူ၊ မျိုးစေ့ထုတ်၊ ဝါစေ့ဆီထုတ်၊ ဝါဂွမ်းထုတ်၊ ချည်ထုတ်၊ ရက်ကန်းနဲ့ ဂျင်ခုံလုပ်ငန်းအစုအဖွဲ့အသီးသီးက လုပ်ငန်းရှင်တွေ စုံစုံလင်လင်ပါဝင်ဆွေးနွေးခဲ့ကြပါတယ်။ ဝါကုန်ကြမ်းမရှိဘဲ အထည်အလိပ်လုပ်ငန်း မရှင်သန်နိုင်သလို အထည်အလိပ်လုပ်ငန်းမရှိဘဲ ဝါစိုက်ပျိုးမှုလည်း မဖွံ့ဖြိုးနိုင်တဲ့အတွက် ကဏ္ဍအလိုက်



အတူတကွရှင်သန်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**ချည်မျှင်အလွန်ရှည်သော စပ်မျိုးများစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ခြင်း**

နောက်ထပ်အရေးကြီးတာကတော့ မြန်မာနိုင်ငံအတွင်းမှာ ၁/၈၀ ချည်အပါအဝင် အရည်အသွေးအကောင်းဆုံးချည်မျှင်တွေ ထုတ်လုပ်နိုင်ဖို့ပါပဲ။ မျက်မှောက်ခေတ်မှာ ဓာတုချည်မျှင်တွေ၊ ဝါး၊ ငှက်ပျောတို့ကနေ ထုတ်လုပ်တဲ့ ချည်မျှင်တွေနဲ့ ယှဉ်ပြိုင်နေရတာမို့ သဘာဝဝါချည်မျှင်စစ်စစ်ရဲ့ သီးသန့်ဈေးကွက်ကို ထိန်းသိမ်းဖို့အတွက် အရည်အသွေးနဲ့ ဆွဲဆောင်မှုမြှင့်တင်ဖို့ လိုအပ်လာပါတယ်။

ဒါကြောင့် ချည်မျှင်အလွန်ရှည်တဲ့ဝါမျိုးတွေကို စိုက်ပျိုးထုတ်လုပ်သွားဖို့ လိုအပ်တာကြောင့် လက်ရှိ ချည်မျှင်ရှည်ဝါစိုက်ပျိုးဧရိယာ ဧကငါးသိန်းရဲ့ ၂၀ ရာခိုင်နှုန်းဖြစ်တဲ့ ဧကတစ်သိန်းမှာ ဂွမ်းမွေးအရှည် ၃၂ မီလီမီတာနဲ့ အထက်ရှိတဲ့ ဝါမျိုးတွေ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ရေတိုအနေနဲ့ အရည်အသွေးကောင်းဂွမ်းများ (Grade A, B) ရရှိမယ့် ပြည်ပဝါစပ်မျိုးတွေကို တင်သွင်းစိုက်ပျိုးပြီး ရေရှည်မှာ မိဘမျိုးရင်းတွေကိုတင်သွင်းကာ ပြည်တွင်း၌ ကိုယ်တိုင်ထုတ်လုပ်ဖြန့်ဖြူးသွားမယ့် မူဝါဒချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးနှင့် နည်းပညာစနစ်သစ်**

ဝါမျိုးရဲ့ မျိုးရိုးဗီဇဟာ အထွက်နှုန်းအပေါ် ၅၀ ကနေ ၆၀ ရာခိုင်နှုန်းအထိ အကျိုးပြုနေတာမို့ မျိုးရိုးဗီဇခိုင်မာကောင်းမွန်တဲ့ ဝါမျိုးတွေကိုပဲ ရွေးချယ်စိုက်ပျိုးရပါမယ်။ ဝါမျိုးစေ့စနစ်ဖွံ့ဖြိုးစေဖို့အတွက်မျိုးကောင်းမျိုးသန့် မျိုးစေ့တွေကို အသုံးပြုခြင်း၊ မျိုးစေ့ရဲ့ သန်စွမ်းနိုင်စွမ်း (Seed Vigor) ကောင်းမွန်ပြီး ကျန်းမာသန်စွမ်းတဲ့ မျိုးစေ့တွေကို အသုံးပြုခြင်း၊ ဂွမ်းမွေးတိုချွတ်ထားတဲ့ (Acid Delinted) ဝါမျိုးစေ့တွေကို အသုံးပြုခြင်းနဲ့ တစ်ဧက အပင်ဦးရေနှုန်းမြင့်မားမှုကိုခံနိုင်ရည်ရှိတဲ့ ဝါမျိုးတွေရွေးချယ်အသုံးပြုခြင်းတို့ကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့် မျိုးစေ့တွေကို တစ်နိုင်တစ်ပိုင်ထုတ်လုပ်နေမယ့်အစား ကန်ထရိုက်စနစ် (Contract Farming) နဲ့ စနစ်တကျပြောင်းလဲဆောင်ရွက်သွားဖို့ စီမံလျက်ရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၊ ဝါသီးနှံမျိုးသန့်ခြံတွေကနေ မျိုးစေ့စီးဆင်းမှုစနစ် (Seed Flow) နဲ့အညီ ထုတ်လုပ်ဖြန့်ဖြူးနေတဲ့ ချည်မျှင်ရှည်ဝါမျိုးငါးမျိုးကို အက်စစ်နဲ့ ဂွမ်းမွေးတိုချွတ်ခြင်း၊ ဆေးလူးနယ်ခြင်း၊ အခြောက်ခံပြီး စနစ်တကျ ထုပ်ပိုးခြင်းတွေ သေချာလုပ်ပြီးမှပဲ တောင်သူတွေထံ ဖြန့်ဖြူးပေးခဲ့တာဖြစ်ပါတယ်။

**စိုက်ပျိုးရေးသွင်းအားစုများနှင့် အခြေခံလိုအပ်ချက်များ စီမံဆောင်ရွက်ခြင်း**

စိုက်ပျိုးရေးလုပ်ငန်းတွေ အောင်မြင်ဖို့အတွက် မျိုး၊ မြေ၊ ရေ၊ နည်းဆိုတဲ့ အခြေခံလေးရပ်ပြည့်စုံဖို့ လိုအပ်ပါတယ်။ သွင်းအားစုတွေပိုင်းမှာ မြေဩဇာကို အချိုးကျ သုံးစွဲဖို့လိုပါတယ်။ ချည်မျှင်ရှည်ဝါ တစ်ဧကမှာ စိုက်ပျိုးမြေ အသင့်အတင့် ကောင်းမွန်မယ်ဆိုရင် ယူရီးယား-တီစူပါ-ပိုတက်ရှ် (NPK) ဓာတ်မြေဩဇာကို (၂၂၄-၁၁၂-၂၂၄) ပေါင်နှုန်း၊ ဒါမှမဟုတ် ကွန်ပေါင်း-ယူရီးယား-ပိုတက်ရှ်ကို (၂၂၄-၁၁၂-၁၁၂) ပေါင်နှုန်း အသုံးပြုရမှာဖြစ်ပြီး နွားချေး၊ သစ်ဆွေးနဲ့ သစ်စိမ်းမြေဩဇာတွေကိုတော့ တစ်ဧကကို နွားလှည်းငါးစီးကနေ ၁၀ စီးနှုန်း ထည့်သွင်းပေးရမှာဖြစ်ပါတယ်။

ဝါပင်အတွက် မျှော်မှန်းအထွက်နှုန်းရရှိရေးနဲ့ ဂွမ်းအရည်အသွေးကောင်းမွန်ရေးမှာ ဖြည့်စွက်ရေဟာ အရေးကြီးတဲ့သွင်းအားစုဖြစ်ပြီး ဝါသီးနှံသက်တမ်းအတွင်း ပျမ်းမျှရေအသုံးပြုမှုဟာ ၃၆ လက်မကနေ ၄၃ လက်မအထိရှိတာကြောင့်

စာမျက်နှာ ၁၄ သို့

# မြန်မာ့ဒီဂျစ်တယ်အနာဂတ်အတွက် အင်ဂျင်နီယာ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာနှင့် စီးပွားရေးအသိုက်အဝန်းတို့မှ ပါဝင်ဆွေးနွေးသည့် iCEEt 2026 ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာ့ဒီဂျစ်တယ်အနာဂတ်အတွက် အင်ဂျင်နီယာ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာနှင့် စီးပွားရေး အသိုက်အဝန်းတို့မှ ပြည်တွင်း/ပြည်ပ တာဝန်ရှိသူများပါဝင်ဆွေးနွေးသည့် "ICEEt 2026" ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပ သည်။

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌွေးက ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားသည်။



ထို့နောက် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြောကြားသည့် ဗီဒီယိုမိန့်ခွန်းကိုပြသပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်းက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အာရှ-ပစိဖိတ်အင်ဂျင်နီယာ ကဏ္ဍာအခြေအနေ၊ ဒေသတွင်း AI စွမ်းဆောင် ရည်မြှင့်တင်ရေးအတွက် FEIAP ၏မျှော်မှန်း ချက်၊ ရပ်ဝန်းနှင့်လမ်းကြောင်းတစ်လျှောက် AI ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတွင်းဒီဂျစ်တယ် ချိတ်ဆက်မှုနှင့်မြန်မာနိုင်ငံအတွက် ပူးပေါင်း ဆောင်ရွက်ခွင့်ဆိုင်ရာများကို ဆွေးနွေးကြ သည်။

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင် နီယာအသင်းချုပ်၊ စီးပွားရေးလုပ်ငန်းရှင် များအသင်း၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွန့်ဦးတီထွင်ကွန်ရက်မှ တာဝန် ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် အသေးစိတ်ဆွေးနွေးကြကြောင်း သိရ သည်။ မြဝတီ

# မြန်မာ့ရိုးရာကြိုးဆွဲ ရုပ်သေးရုပ်ပြုလုပ်ခြင်း အတတ်ပညာသင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၆

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် မြန်မာ့ယဉ်ကျေးမှုအမွေ အနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ တို့ပူးပေါင်း၍ မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေး ရုပ်ပြုလုပ်ခြင်းအတတ်ပညာသင်တန်းဖွင့်ပွဲ ကို ယနေ့နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ်ရှိ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မြင့်၊ အမြဲတမ်းအတွင်းဝန် နှင့် တာဝန်ရှိသူများ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက် ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရုပ်သေး ပညာရှင်ကြီးများ၊ သင်တန်းအတွက် ကူညီ ပံ့ပိုးပေးသူများနှင့် သင်တန်းသား၊ သင်တန်း သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ နှင့်အတူ ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက် ၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့က သင်တန်းအတွက် ကူညီ ပံ့ပိုးပေးသူများကို ကျေးဇူးတင်ဂုဏ်ပြုလွှာ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ် ပြုလုပ်သင်ကြားမှုများကို ကြည့်ရှုစစ်ဆေး ပြီး သင်တန်းသား၊ သင်တန်းသူများအား အားပေးစကားပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။ မြဝတီ



# မိုင်းနားအခြေပြု ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းအား ဆွတ်ဘွမ်ကုမ္ပဏီပိုင် ကုန်ချိန်းကွင်းအတွင်း ပြောင်းရွှေ့ဖွင့်လှစ်သွားမည်



မြစ်ကြီးနား ဇူလိုင် ၂၆

ကချင်ပြည်နယ် ကံပိုင်တည် နယ်စပ်ဂိတ် သည် ဒေသတွင်းထွက်ရှိသော တစ်သျှူး ငှက်ပျောအပါအဝင် အခြားသီးနှံများအား တရုတ်နိုင်ငံသို့တင်ပို့ရာ အဓိကကုန်သွယ် ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။ နယ်စပ် ကုန်စည်စီးဆင်းမှုများ အရှိန်အဟုန်မပြတ် စီးဆင်းနိုင်ရေး၊ နိုင်ငံတော်မှရသင့်သည့် အခွန်အခများရရှိရေး၊ တရားမဝင်ကုန်စည် စီးဆင်းမှုများပပျောက်စေရေးအတွက် စနစ် တကျဖြင့် လုပ်ငန်းများလည်ပတ်နိုင်ရန် ဆွတ်ဘွမ်ကုမ္ပဏီပိုင် ကုန်ချိန်းကွင်း၌ ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနား အခြေပြု ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေး စခန်းအား မိုင်းနားကျေးရွာအုပ်စုအတွင်းရှိ ဆွတ်ဘွမ်ကုမ္ပဏီပိုင်ခြံဝင်းအတွင်း စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နေကြသည့် အသင်း/ အဖွဲ့ များမှ တာဝန်ရှိသူများနှင့် ယနေ့ မွန်းလွဲ ၁၂ နာရီ ခွဲတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်း ကို မိုင်းနားအခြေပြု နယ်စပ်ကုန်သွယ်ရေး စခန်းအဖြစ် ရွှေမိုးတောင်ခြေတွင် ယာယီ စစ်ဆေးရေးရုံးဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း ကုန်စည် စစ်ဆေးကြပ်မတ်ရေးလုပ်ငန်းများအဆင်ပြေ ချောမွေ့စွာလည်ပတ်နိုင်ရန် မြေဧရိယာ ၅ ဧကကျော် အကျယ်အဝန်းရှိသည့် ဆွတ်ဘွမ် ကုမ္ပဏီပိုင်ကုန်ချိန်းကွင်းနေရာတွင်ပြောင်းရွှေ့ ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်း သည် လတ်တလော မြေပြိုလမ်းပိတ်ဆို့မှု များကြောင့် ခေတ္တရပ်တန့်နေကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် မိုင်းနားကျေးရွာအုပ်စု လဝမ်(LBC) နှစ်ခြင်းအသင်းတော်ပိုင် ဩဘ်ကက်ဟိဒ်ခန်းမ၌ ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ဗန်းမော်မြို့နှင့် ချီဖွေမြို့နယ် တို့ရှိ ကျေးရွာအုပ်စုများအတွင်းမှ မိုင်းနား၊ ငွေထု၊ မခေါယန် စသည့်ကျေးရွာများ၌ စခန်းများဖွင့်လှစ်၍ နေထိုင်လျက်ရှိသော ယာယီတိမ်းရှောင်ပြည်သူများနှင့်သွားရောက် တွေ့ဆုံပြီး ယာယီတိမ်းရှောင်စခန်းခုနစ်ခုမှ အိမ်ထောင်စု ၃၂၃ စု၊ လူဦးရေ ၁၆၂၅ဦး တို့အတွက် တစ်အိမ်ထောင်လျှင် ဆန် ၂၄ ပြည်ပါအိတ်တစ်အိတ်နှုန်းဖြင့် စုစုပေါင်း ဆန်အိတ် ၃၂၃ အိတ်ကို ပေးအပ်ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

### ❒ ပုဂံရှေးဟောင်းယဉ်ကျေးမှုမှ

Travel Co.,Ltd စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံသားခရီးသွားဧည့်သည် ၄၀ ဦးတို့ သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အတွင်းရှိ သမိုင်းအထင်ကရဘုရားများနှင့် ရှေးဟောင်းစေတီ၊ ပုထိုး၊ဂူဘုရား၊ သာသနိက အဆောက်အအုံများအား ကြည့်ရှုလေ့လာ ကြမည်ဖြစ်ကြောင်းသိရသည်။ ထိုင်းနိုင်ငံ သားခရီးသွားများအား ပုဂံ-ညောင်ဦးလေဆိပ် တွင် ညောင်ဦးခရိုင် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်နှင့် ဝန်ထမ်းများကကြိုဆိုခဲ့ကြောင်း၊ အဆိုပါ ထိုင်းနိုင်ငံသားခရီးသွားများသည် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဇူလိုင်လ ၂၆ ရက်မှ ၃၁ ရက်ထိ ဘုရားများအား ဖူးမြော် လေ့လာကြမည်ဖြစ်ကြောင်းသိရသည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီး ဌာန ပုဂံရုံးခွဲအနေဖြင့် Information Center သုံးခုအား ပုဂံ-ညောင်ဦးလေဆိပ်၊ ICT ခန်းမ နှင့်ပုဂံမြို့သစ်တို့တွင် ကမ္ဘာလှည့်ခရီးသွား များ အဆင်ပြေစွာသွားလာနိုင်ရေး ဖွင့်လှစ် ထားကြောင်းသိရသည်။

ဒီပါလင်း

### ❍ ရှေ့ဖုံးမှအဆက်

ဇူလိုင်လ ၂၅ ရက်က အင်းစိန်မြို့နယ် ဌာန ဆိုင်ရာရုံးများနှင့် အမှတ်(၁)အခြေခံ ပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများထံ သွားရောက်ပြီး သုတ၊ ရသ စာအုပ်စာစောင်များ ငှားရမ်းပေးသည်။

အဆိုပါရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ပေါ်တွင် ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် စာဖတ်သူ အကြိုက် စာအုပ်စာစောင်များကို နှစ်ပတ် တစ်ကြိမ် သွားရောက်ငှားရမ်းပေးလျက်ရှိ သည်။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများစွာရရှိမည့် သုတ၊ ရသ မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြစာအုပ်များ ငှားရမ်း ပေးပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက် မပြတ်လဲလှယ်ပေးလျက်ရှိကြောင်း သိရ သည်။ **ထွန်းလင်းကျော်(ပြန်/ဆက်)**

### ▼ ကျောဖုံးမှအဆက်

ဖိလစ်ပိုင်အမျိုးသားဘောလုံးအသင်းတို့၏အုပ်စုအဆင့်ပွဲစဉ်ကို ဇူလိုင်လ ၂၈ ရက်ညနေ၄ နာရီခွဲတွင် ဖိလစ်ပိုင်နိုင်ငံ ကာပက်စ်မြို့ရှိ နယူးခလက်ခ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel နှင့်MRTV Sports Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊
Mobile Payment Account၊ Bank Account များအား
မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊
ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ
အရေးယူခံရနိုင်ပါသည်။


ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။




ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် (၁၇) ထပ်အဆောက်အအုံ

မဖြိုဖျက်မီ





ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် (၁၇) ထပ်အဆောက်အအုံ

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေပုံ





ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် (၁၇) ထပ်အဆောက်အအုံ

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးနေပုံ





⇛ **ကျောဖုံးမှအဆက်**

လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံ၇၇လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြား သတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက် ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၂၀ လုံးအနက် နောက်ဆုံးကျန်ရှိသည့် ၁၇ ထပ် အဆောက်အအုံ ၁ လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ ၇၇ လုံးအား ၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှစ၍ ယာဉ်ယန္တရားများအသုံးပြု၍ လည်းကောင်း၊ ဖောက်ခွဲ၍လည်းကောင်း ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ဖြိုချဖျက်ဆီးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၆**


နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ယမန်နေ့က ချင်းပြည်နယ်အတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များနှင့် နယ်မြေခံစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။


တွေ့ဆုံစဉ် တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ကလေး)ရှိ ဝန်ထမ်းများ၊ သင်တန်းသူများအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ စားရိပ်သာနှင့်စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များနှင့် ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကလေး) မှဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံပြီး သင်တန်းကျောင်း အောင်ချက်ရာခိုင်နှုန်းများကောင်းမွန်စေရေး ကြိုးစားရန်မှာကြားကာ ချီးမြှင့်ငွေများပေးအပ်၍ ကျောင်းဝင်းအတွင်းရှိ စားရိပ်သာနှင့်အိပ်ဆောင်များအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင်နေရာကွက်၍မိုးကြီးနိုင်





**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## All illegal buildings used in online scams/gambling in Shwe Kokko demolished


NAY PYI TAW July 26

As permanent demolition and systematic destruction of paraphernalia in Shwe Kokko and KK Park areas in Myawady Township in Kayin State, were carried out by interdepartmental teams, an illegal 17-storey building in Shwe Kokko area was systematically detonated today.

Out of 77 illegal buildings used in online scams/gambling in Shwe Kokko area, 57 and 20 were designated to be demolished with machinery and to be detonated respectively based on their types and systematic demolition was carried out. As the last 17-storey one out of 20 buildings to be detonated today, demolition tasks have been fully completed.



Personnel prepare systematic detonation of an illegal 17-storey building used in online scams/ gambling in Shwe Kokko area in Myawady District in Kayin State.




An illegal 17-storey building used in online scams/gambling in Shwe Kokko area in Myawady District in Kayin State.

Interdepartmental teams demolished 77 illegal buildings used in online scams/gambling either by demolition by machinery or by detonation as of 25 May and 100 percent of demolition tasks completed today.

The government will continue to cooperate and coordinate with domestic forces as well as neighbouring governments to prevent online scams/gambling from establishing their bases in Myanmar by regarding it as a national responsibility. **100**

## All plantations of kenaf reaped in Myaungmya Township

MYAUNGMYA July 26

Local farmers have reaped all plantations of kenaf in Myaungmya Township of Ayeyawady Region, according to the Myaungmya District Agriculture Department.

They planted 2,500 acres of kenaf to produce quality seeds in Myaungmya Township. They started harvest of crop in the first week of March this year. So far, they have harvested all plantations, producing 12.51 baskets per acre.

"In Myaungmya Township, a total of 2,500 acres of kenaf were targeted for cultivation. At present, all of the targeted acreage has already been harvested. Kenaf is cultivated and later used as green manure when planting paddy crops. It is being used as an alternative to chemical fertilizers. Local residents are actively participating in cultivating kenaf and reusing it as a substitute for chemical fertilizers.

Using kenaf as an alternative fertilizer provides many benefits. The main advantages are that it reduces the use of chemical fertilizers and minimizes soil degradation caused by excessive fertilizer use. In addition, crops grown in fields where kenaf has been incorporated are expected to contain lower levels of chemical residues," said Daw Khin Htay Myint, head of the Department of Agriculture in Myaungmya District.

Cultivating and using green manure crops such as kenaf can improve soil fertility and soil properties, reduce soil erosion, decrease dependence on chemical fertilizers, and lessen environmental impacts caused by fertilizer use. Furthermore, it can provide nitrogen equivalent to one to three bags of urea fertilizer that farmers would otherwise need to purchase and apply, bringing significant benefits to local farmers.

**SMK**

## Dedaye Township sees booming trade of loach fish

DEDAYE July 26

Local businesspersons from the fishery sector in Dedaye Township of Ayeyawady Region sent a large volume of loach fish to Yangon market said Daw Yin Htay, the owner of fishery product trading depot in Dedaye Township.

From Dedaye Township to Yangon, about 55,000 viss of loach fish were sold. The price of loach fish currently ranges from Ks-18,500 to Ks-25,000 per viss.

"During the past month, aquatic products, including loach fish, were exported from Dedaye Township to the Yangon market. Among these, up to 55,000 viss of loach fish were shipped. The Yangon market remains the primary destination for these products. At present, loach fish from the region continues to be ordered by the Yangon market, with more demand expected. With the large volumes being transported, trading has been convenient, benefiting both workers and those involved in fish sales," said Daw Yin Htay.

As exports of aquatic products, including loach fish, from Dedaye Township to the Yangon market have increased, related sectors such as transport services, fishery workers, and cargo handlers are also experiencing improved employment opportunities and smoother business operations. **SK**

## Authorities plan to cultivate more than 16,000 acres of groundnut in coming monsoon

AYADAW July 26

Monywa District Agriculture Department stated that local authorities earmarked cultivation of more than 16,000 acres of groundnut in Ayadaw Township of Sagaing Region this monsoon.

During the 2026-2027 monsoon crop cultivation season, Ayadaw Township has targeted the cultivation of 16,980 acres of groundnut, and at present, farmland is being ploughed in preparation for groundnut cultivation.

"This year, during the monsoon crop cultivation season, more than 16,000 acres of groundnut crops are planned to be cultivated in Ayadaw Township. Arrangements are currently underway to begin cultivation within this month," said Daw San San Myint, Head of the Monywa District Agriculture Department.

In Ayadaw Township, groundnut cultivation requires about one and a half baskets of seed per acre, and cultivation costs exceed Ks-200,000 per acre, including expenses for seeds, labour, fertilizers, and pesticides. Yields can exceed 50 baskets per acre.

This year, staff from the Township Agriculture Department will conduct field inspections and scouting records in groundnut plantations in Ayadaw Township to ensure successful crop growth, prevent pest and disease infestations, and keep fields free from weeds. **SK**

# Kyaiklat Township sells large volume of field catfish to Yangon market



KYAIKLAT July 26

Daw Su Hlaing, the owner of fishery product trading depot in Kyaiklat Township, said that local merchants of Kyaiklat Township in Ayeyawady Region sold a large volume of field catfish to Yangon market.

From Kyaiklat Township to Yangon, about 66,000 viss of field catfish were transported and sold. It is learned that the rise in catfish shipments has improved conditions for those working in the fisheries sector.

"The strong export of catfish mainly benefits fishery workers. Over the past month, more than 66,000 viss of catfish were transported and sold. Shipments depend on demand from the Yangon market, so they are not consistent. At present, it is the season when field catfish are abundant in the region. This type of catfish is widely consumed domestically. Although sales have been good, prices remain at a normal level. Fishery products from Kyaiklat Township are sold both in local markets and transported to Yangon. Prices are better in the Yangon market, and when traders there can sell well, they are able to offer better prices to suppliers," said Daw Su Hlaing.

It is also learned that field catfish transported from Kyaiklat Township to the Yangon market are priced at between Ks-155,000 and Ks-195,000 per 10 viss. The fish are systematically packaged and shipped to Yangon. As demand for these catfish has increased, fish farmers, traders, fish catchers, labourers, and freight workers involved in the freshwater fish trade are all benefiting. **SK**

# Kyaukmyaung Sub-Township to cultivate more than 1,000 acres of butter bean this year

KYAUKMYAUNG July 26

Statistics of Kyaukmyaung Sub-Township Agriculture Department stated that local farmers will place more than 1,000 acres of croplands under butter bean plantations in Kyaukmyaung Sub-Township of Sagaing Region this monsoon.

During the 2026-2027 monsoon crop cultivation season, Kyaukmyaung Sub-Township has targeted the cultivation of 1,305 acres of butter bean, with planting set to begin in June this year and continue through September, it is learnt.

"This year, during the monsoon crop cultivation season, more than 1,000 acres of butter bean crops are planned to be cultivated in Kyaukmyaung Sub-Township. Efforts will be made to ensure that the targeted acreage is fully achieved. Butter bean cultivation has been successful and productive. As butter beans fetch good market prices, farmers are relying on and actively cultivating the crop," said Daw Khin Win, Head of the Kyaukmyaung Sub-Township Agriculture Department.

During this year's monsoon cultivation season in Kyaukmyaung Sub-Township, local farmers are cultivating butter beans both as a standalone crop and, in some cases, as an intercropped crop to generate additional income.

This year, the Township Agriculture Department has been providing support and technical assistance to farmers cultivating various pulses in Kyaukmyaung Sub-Township, including measures to improve crop yields, encourage the cultivation of high-quality and pure seed varieties, and provide necessary agricultural techniques. Farmers have also been educated on the preparation and use of natural pesticides for the prevention of crop pests and diseases, as well as on timely harvesting practices. **SMK**

# Dried mackerel fish in good trading in Myanaung Township



MYANAUNG July 26

Daw Khaing Htay, the owner of assorted dried fish trading depot in Myanaung Township, stated that dried mackerel fish is in high demand at the domestic market in Myanaung Township of Ayeyawady Region.

In Myanaung Township, dried fish products, including dried sea mackerel, are being systematically produced to purchasing regions. Starting from the third week of April this year up to the present, demand for dried sea mackerel has been strong, with active trading reported. Currently, daily sales of dried sea mackerel from the area range between 3,500 and 5,500 viss.

"Sales of dried sea mackerel are going well. Trading has been strong since around the third week of this month. Prices have also increased slightly. Demand from various regions for locally produced dried sea mackerel and other dried fish is strong, but dried sea mackerel in particular is seeing higher sales," said Daw Khaing Htay.

In Myanaung Township, fisheries product traders process fish paste and dried fish, and export locally produced dried sea mackerel and other dried fish to the Yangon market. Prices for dried sea mackerel currently range from Ks-32,500 to Ks-65,000 per 10 viss, depending on quality. **SMK**

# Plan underway to grow more than 19,000 acres of monsoon sesame in Myinmu Township

MYINMU July 26

According to Sagaing District Agriculture Department, local farmers will cultivate more than 19,000 acres of monsoon sesame in Myinmu Township of Sagaing Region in coming monsoon.

In 2026-2027 monsoon season, local authorities earmarked cultivation of more than 19,050 acres of rainfed sesame in Myinmu Township. At present, local farmers are carrying out soil preparations to plant sesame.

"Preparations are currently underway for cultivation within this month. Efforts will also be made to ensure that the targeted acreage is fully achieved. Measures are being undertaken to expand sesame cultivation areas, improve yields, and encourage cultivation using GAP methods," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

This year, the Township Agriculture Department in Myinmu Township will provide awareness and technical support to sesame farmers for the expansion of sesame cultivation, the use of proper cultivation techniques, adoption of GAP methods, cultivation of high-quality and pure seed varieties, and the use of high-yielding varieties.

Crops cultivated and produced under the GAP system are known to offer better quality and fetch higher prices compared to those produced using other cultivation methods. In addition to being marketable in domestic markets, they can also be exported to international markets. Due to these advantages, farmers cultivating crops under the GAP system are expected to gain greater economic benefits and improve their socioe-conomic livelihoods. **SK**

# Typhoon rips roofs off buildings and floods southern China



BEIJING July 26

Typhoon Hongxia, internationally known as Noul, made landfall in southern China's Guangdong Province early Sunday, triggering mass evacuations, widespread transportation disruptions, and torrential rain across southern China and Hong Kong.

The year's 12th tropical cyclone – the strongest to hit China this year – came ashore near Pinghai Town in Huidong County, Huizhou City, at around 3:50 AM local time (19:50 GMT Saturday), with maximum sustained winds of 162 kph (100 mph), according to China's National Meteorological Center. It was the first typhoon to make landfall in Guangdong this year.

More than 715,000 people were evacuated across the province ahead of the storm amid fears of flooding and landslides. The authorities suspended classes, work, production, transportation, and business activities in 12 cities.

The typhoon caused disruptions across the region. More than 190 high-speed rail services in Guangdong were canceled; regular train services were suspended.

The Hong Kong-Zhuhai-Macao Bridge temporarily halted operations, and airports across Hong Kong, Guangzhou, Shenzhen, Zhuhai, and Xiamen were heavily affected. More than 1,800 flights across Guangzhou, Shenzhen, and Hong Kong were grounded.

Shenzhen also suspended rail services and partially closed metro lines, ports, and expressways before gradually restoring operations as conditions improved.

Hong Kong's Observatory initially raised the storm warning to Typhoon Signal No. 9, the second-highest tropical cyclone warning in the city's system, as Noul passed within 80 km of the city before downgrading the alert later in the day.

Beijing has activated a national emergency response for Guangdong following the typhoon's landfall. A working team was dispatched to assess the damage, assist the local authorities with evacuations and resettlement, and help ensure displaced residents have access to basic necessities.

**RT**

# Putin calls for decisive action against attempts to disrupt Russian merchant fleet

ST. PETERSBURG July 26

Russian President Vladimir Putin on Sunday called for decisive action against attempts to disrupt the Russian merchant fleet, treating such acts as piracy.

Speaking on Navy Day in St. Petersburg, Putin heard reports from fleet commanders via video link. He mentioned attempts by adversaries to interfere with Russian shipping, including commercial vessels.

"I want to draw your attention to the fact that in such cases, of course, one must act carefully, within the framework of international maritime law, but decisively - as one must fight against piracy and pirates," Putin said.

The president expressed hope that the Russian Navy would effectively protect Russian merchant shipping.

Putin added that Russia's Baltic Fleet is tasked with ensuring the security of the Kaliningrad Region.

"In the event that any threats are created for it, the security of the Kaliningrad Region will be ensured by all of Russia's capabilities," the president stated. **Sputnik**

# Suspected terror attack in Berlin leaves 1 dead, 29 injured



BERLIN July 26

A vehicle ramming and stabbing incident in central Berlin on Saturday evening is suspected to be an "Islamist terrorist attack," German Interior Minister Alexander Dobrindt said Sunday at a press conference.

A van plowed into a crowd near Berlin's Tiergarten park on Saturday evening, before the suspect attacked passersby with a weapon believed to be a machete, leaving one woman dead and 29 others injured, some of them severely.

The incident occurred near the site of the city's Christopher Street Day (CSD) pride parade.

The suspect, born in 2005, is a German citizen of Lebanese descent, the minister said, adding that the suspect had a record of multiple offenses and radicalization, and had previously been sentenced by a German court to one year and 10 months in prison, which was suspended on probation.

Following the attack, German Chancellor Friedrich Merz condemned the incident on social media platform X, calling it an "attack on our society."

As of Sunday afternoon, the suspect remains at large. **Xinhua**

# 5 killed, 2 injured as car plunges into ravine in S. Türkiye

ANKARA July 26

Five people were killed and two others injured on Sunday when a car carrying seven passengers veered off a road and plunged into a ravine in Türkiye's southern province of Antalya, local media reported.

The incident occurred along the Tasagil-Derebucak road in the Beydigin neighborhood of the Manavgat District, according to Turkey Today.

Emergency teams, including medical personnel, firefighters, gendarmerie forces, and the Disaster and Emergency Management Authority, were dispatched to the scene after witnesses reported the incident.

Rescue workers recovered five bodies from the wreckage, while the two injured were airlifted by helicopter to a nearby hospital.

Antalya Governor Hulusi Sahin confirmed that seven people were in the vehicle at the time of the incident, adding that one of the injured is pregnant.

**Xinhua**

# Over 220,000 evacuated in southwestern France as raging wildfires spread

PARIS July 26

Over 220,000 people have been evacuated from the Gironde department in southwestern France as devastating wildfires continue to spread, local prefecture authorities announced Sunday.

Late Saturday, Gironde authorities ordered the evacuation of an additional 55,000 residents on the outskirts of Bordeaux. The fires in Gironde have burned at least 42,000 hectares of land so far.

The raging fires have also caused severe transport disruptions. French national railway operator SNCF announced Sunday that rail traffic south of Bordeaux has been suspended until further notice, with services cut toward Arcachon and Morcenx at the request of the prefecture.

About 98,000 hectares of land have been burned by wildfires across France so far in 2026, setting a historical record for the country, French Interior Minister Laurent Nunez said Saturday.

France had requested the activation of the European Union Civil Protection Mechanism as wildfires continued to spread across the country, French President Emmanuel Macron said on Friday. **Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 55 Verb (+ object) + to … (I want you to …)

**55.1 Complete the questions. Use** do you want me to … ? **or** would you like me to … ? **with these verbs (and any other necessary words):**

**come lend repeat show shut wait**

1 Do you want to go alone, or <u>do you want me to come with you</u>?
2 Do you have enough money, or do you want ……………………?
3 Shall I leave the window open, or would you……………………?
4 Do you know how to use the printer, or would ……………………?
5 Did you hear what I said, or do ……………………?
6 Can I go now, or do……………………?

**55.2 Complete the sentences for these situations.**




1 She told him to meet her at the station.
2 They invited him …………………… .
3 He reminded her …………………… .
4 She warned …………………… .
5 He asked …………………… .

**55.3 Complete the second sentence so that the meaning is similar to the first sentence.**

1 My father said I could use his car. — My father allowed <u>me to use his car</u>.
2 I was surprised that it rained. — I didn't expect……………………
3 Don't stop him doing what he wants. — Let……………………
4 Tom looks older when he wears glasses. — Tom's glasses make……………………
5 I think you should know the truth. — I want……………………
6 At first I didn't want to apply for the job, but Sarah persuaded me. — Sarah persuaded……………………
7 My lawyer said I shouldn't say anything to the police. — My lawyer advised……………………
8 I was told that I shouldn't believe everything he says. — I was warned……………………
9 If you've got a car, you are able to get around more easily. — Having a car enables……………………

**55.4 Which is right?**

1 You aren't allowed take / to take pictures here. (to take is correct)
2 I'm in a diff icult position. What do you advise me do / to do?
3 The film was very sad. It made me cry / to cry.
4 Lisa's parents always encouraged her study / to study hard at school.
5 Please don't interrupt me. Let me finish / to finish.
6 You can't make people do / to do things they don't want to do.
7 You can't force people do / to do things they don't want to do.
8 Sarah won't let me drive / to drive her car. She doesn't trust me.
9 Why did you change your decision? What made you change / to change your mind?
10 If you enter a country with a tourist visa, you are not allowed work / to work there.

→**Additional exercises 26–28** (pages 317–19)

**Raymond Murphy**

# အိန္ဒိယသမုဒ္ဒရာနဲ့ အိန္ဒိယရဲ့စစ်သင်္ဘောအစင်း ၂၀၀




ကမ္ဘာ့ကုန်သွယ်ရေးနှင့်စွမ်းအင်သယ်ယူပို့ဆောင်ရေး၏အဓိကအသက်သွေးကြောဖြစ်သော အိန္ဒိယသမုဒ္ဒရာ၏ရေပြင်ပြာပြာကြီးသည် ခေတ်သစ်ပထဝီနိုင်ငံရေးပြိုင်ဆိုင်မှုများနှင့်အတူ ပိုမိုလှိုင်းလေထန်တင်းမာလာလျက်ရှိနေသည်။ ပင်လယ်ရေကြောင်းလုံခြုံရေး၊ ကုန်သွယ်ရေးလမ်းကြောင်းများဘေးကင်းရေး၊ ဒေသတွင်းသြဇာအာဏာလွှမ်းမိုးနိုင်ရေးနှင့် မဟာဗျူဟာမြောက် ဆက်လက်ရပ်တည်နေနိုင်ရေးတို့အတွက် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဒေသတွင်းစစ်ဘက်အဖွဲ့အစည်းများက သမုဒ္ဒရာအတွင်း စစ်ရေးအင်အားတည်ဆောက်မှုများကို အရှိန်အဟုန်မြှင့်စနစ်တကျ ဆောင်ရွက်လာလျက်ရှိသည်။ ထိုဖြစ်စဉ်များအနက် အာရှ-ပစိဖိတ်နှင့်တောင်အာရှဒေသ ရေကြောင်းလုံခြုံရေးအခင်းအကျင်းတွင် အရေးအပါဆုံးနှင့် စိတ်ဝင်စားစရာအကောင်းဆုံး မဟာဗျူဟာမြောက်ပြောင်းလဲမှု တစ်ခုမှာ အိန္ဒိယတပ်မတော်(ရေ)က ၎င်း၏ရေတပ်အင်အားကို ၂၀၃၅ ခုနှစ်တွင် စစ်သင်္ဘောနှင့် ရေငုပ်သင်္ဘော စုစုပေါင်းအစင်း ၂၀၀ အထိ တိုးမြှင့်ဖွဲ့စည်းရန် ရည်မှန်းချက်ကြီးစွာပြင်ဆင်ဆောင်ရွက်လာနေခြင်းပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကီလိုမီတာ ၇၅၀၀ ကျော်ရှည်လျားလှသော ကမ်းရိုးတန်းနှင့် သီးသန့်စီးပွားရေးဇုန် (EEZ) ကျယ်ပြန့်စွာပိုင်ဆိုင်ထားသည့်အပြင် ကမ္ဘာ့ရေကြောင်းကုန်သွယ်မှုသုံးပုံနှစ်ပုံခန့်နှင့် ရေနံသယ်ယူပို့ဆောင်မှု၏ သုံးပုံတစ်ပုံခန့် ဖြတ်သန်းသွားလာသည့် အိန္ဒိယသမုဒ္ဒရာ၏ မဟာဗျူဟာမြောက် ဗဟိုချက်၌တည်ရှိသည်။ ထို့ပြင် ပါကစ္စတန်က ရေတပ်အင်အားကို မဟာဗျူဟာမြောက်တိုးမြှင့်လာမှု၊ အာရေဗျပင်လယ်နှင့်အေဒင်ပင်လယ်ကွေ့တို့မှ ရေကြောင်းအန္တရာယ်စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်ရန် အိန္ဒိယသည် ၎င်း၏ရေတပ်ကို ကမ်းရိုးတန်းကာကွယ်ရေးတပ်ဖွဲ့အဆင့်မှလွန်မြောက်၍ သမုဒ္ဒရာရေပြင်ကျယ်များအထိ ရေရှည်စစ်ဆင်ရေးဆောင်ရွက်နိုင်သည့် ပင်လယ်ပြာရေတပ်အဖြစ်သို့ ကူးပြောင်းရန်အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိသည်။

အိန္ဒိယသမုဒ္ဒရာအတွင်း ပင်လယ်ရေကြောင်းဆိုင်ရာတင်းမာမှုများ မြင့်တက်လာရခြင်း၏ အဓိကအကြောင်းရင်းများထဲတွင် အာရေဗျပင်လယ်၌ ပါကစ္စတန်နိုင်ငံ၏ ရေကြောင်းစစ်အင်အား မြှင့်တင်လာမှုက အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ ပါကစ္စတန်နိုင်ငံသည် ၎င်းတို့၏ ရေအောက်စစ်ဆင်ရေးစွမ်းရည်ကို သိသိသာသာမြှင့်တင်နိုင်ရန် ရေအောက်တွင် ကာလကြာရှည်စွာငုပ်လျှိုးနိုင်သည့် Air-Independent Propulsion (AIP) အဆင့်မြင့်နည်းပညာပါသော Hangor-Class ဒီဇယ်-လျှပ်စစ်စွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘောရှစ်စင်းကို ဝယ်ယူဖြည့်တင်းရန် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ဤအဆင့်မြင့် ရေငုပ်သင်္ဘောများသည်ရေအောက်တွင်ရက်သတ္တပတ်ပေါင်းများစွာ အသံတိတ်ငုပ်လျှိုးနိုင်စွမ်းရှိသဖြင့် ပါကစ္စတန်ရေတပ်၏ စစ်ရေးအရ ခြိမ်းခြောက်နိုင်စွမ်းနှင့် မဟာဗျူဟာမြောက်ဟန့်တားနိုင်စွမ်းတို့ကို သိသိသာသာမြင့်တက်စေမည်ဖြစ်သည်။ ပါကစ္စတန်နိုင်ငံ၏ ဤစစ်ရေးပြင်ဆင်မှုများသည် အိန္ဒိယ၏စီးပွားရေးဆိုင်ရာ သမုဒ္ဒရာလမ်းကြောင်းများကို အချိန်မရွေးပိတ်ဆို့ဟန့်တားနိုင်သည့်စွမ်းရည်ကိုတည်ဆောက်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ပါကစ္စတန်၏ရေငုပ်သင်္ဘောအသစ်များသည် လက်ရှိအသုံးပြုနေသည့် သက်တမ်းလွန် Agosta-90B Class ရေငုပ်သင်္ဘောများကိုအစားထိုးမည်ဖြစ်ရာ အိန္ဒိယတပ်မတော်အနေဖြင့် မိမိကမ်းရိုးတန်း၊ သင်္ဘောလိုင်းများနှင့်ပင်လယ်ရေကြောင်း စီးပွားရေးဇုန်များကို အကာအကွယ်ပေးနိုင်ရန်ရေငုပ်သင်္ဘောဖျက်သင်္ဘောများ၊ ရေအောက်ရေဒါနှင့် ဆိုနာစနစ်များ၊ တော်ပီဒိုဖျက်စနစ်များနှင့် ရေငုပ်သင်္ဘောတပ်ဖွဲ့များကို ချက်ချင်းအဆင့်မြှင့်တင်ရန် မဖြစ်မနေလိုအပ်လာသည်။

လက်ရှိအချိန်တွင် အိန္ဒိယရေတပ်၌ တိုက်ခိုက်ရေးသင်္ဘောနှင့် ရေငုပ်သင်္ဘောစုစုပေါင်းအစင်းရေ ၁၄၀ မှ ၁၄၅ စင်းခန့် စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသည်။ သို့သော် လာမည့်ဆယ်စုနှစ်အတွင်း ပထဝီနိုင်ငံရေးစိန်ခေါ်မှုများပိုမိုကြီးမားလာမည်ဖြစ်သဖြင့် ၂၀၃၅ ခုနှစ်တွင် တိုက်ခိုက်ရေးသင်္ဘော၊ ရေငုပ်သင်္ဘောနှင့် ထောက်ပံ့ရေးရေယာဉ်အပါအဝင်စုစုပေါင်း စစ်သင်္ဘောအစင်းရေ ၂၀၀ ကျော်အထိ တိုးမြှင့်ဖွဲ့စည်းရန် ရည်မှန်းထားသည့်အပြင် လေယာဉ်နှင့် ရဟတ်ယာဉ် စုစုပေါင်းအစင်း ၃၅၀ နီးပါးပါဝင်သည့် အစွမ်းထက်မြက်သော ရေတပ်အဖြစ်တည်ဆောက်ရန် မဟာဗျူဟာရေးဆွဲထားခြင်းဖြစ်သည်။ ထိုကဲ့သို့ မဟာဗျူဟာမြောက်စီမံကိန်း၏အစိတ်အပိုင်းတစ်ခုအဖြစ် အိန္ဒိယပြည်တွင်းသင်္ဘောကျင်းအသီးသီးတွင် စစ်သင်္ဘောပေါင်းများစွာကို တစ်ပြိုင်နက်တည်းတည်ဆောက်သွားရန်လည်း စီစဉ်ထားသည်။ လက်ရှိအချိန်၌ ရူပီးဘီလီယံ ၁၀၀၀ (အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော်) တန်ကြေးရှိ အဆင့်မြင့်စစ်သင်္ဘောပေါင်း ၅၀ ကျော်ကို အိန္ဒိယပြည်တွင်းသင်္ဘောကျင်းများတွင် ဆောက်လုပ်နေပြီဖြစ်သည်။ ထို့ပြင် နောက်ထပ်စစ်သင်္ဘော ၇၀ ကျော်၊ အဆင့်မြင့်ရေငုပ်သင်္ဘောများနှင့် ကမ်းလွန်ကင်းလှည့်ရေယာဉ်များကို တည်ဆောက်သွားရန်လည်း အစိုးရကမူအားဖြင့် အတည်ပြုချက်များ ပေးထားပြီးဖြစ်သည်။

ယင်းစစ်ရေယာဉ်များတွင် အဆင့်မြင့်ကိုယ်ပျောက်ဖရီးဂိတ်စစ်သင်္ဘောများနှင့် ဖျက်သင်္ဘောများပါဝင်ပြီး ၎င်းတို့သည် ပင်လယ်ပြင်ကျယ်အတွင်း ကင်းလှည့်ခြင်း၊ ဝေဟင်နှင့် ရေပြင်ပစ်ဒုံးကျည်စနစ်များဖြင့် ရန်သူ့ပစ်မှတ်များကို ဝေးလံသောအကွာအဝေးမှချေမှုန်းနိုင်ခြင်း အစရှိသည့် ဘက်စုံသုံး မဟာဗျူဟာမြောက် စစ်ဆင်ရေးများကိုလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ပါကစ္စတန်နိုင်ငံ၏ ရေအောက်ခြိမ်းခြောက်မှုကိုထိရောက်စွာတုံ့ပြန်ရန် ရေငုပ်သင်္ဘောဖျက်ရေယာဉ်များဖြစ်သည့် INS Malvan နှင့် INS Anjadip ကဲ့သို့ကမ်းလွန်စစ်သင်္ဘောများကိုလည်း တည်ဆောက်လျက်ရှိသည်။ ထို့ပြင် ရေတပ်အတွက် ပင်မတိုက်ခိုက်ရေးအင်အားစုကြီးဖြစ်သည့် လေယာဉ်တင်သင်္ဘောတိုးချဲ့မှုများတွင် လက်ရှိအသုံးပြုနေသည့် INS Vikrant နှင့် INS Vikramaditya တို့အပြင် တတိယမြောက် လေယာဉ်တင်သင်္ဘောအသစ်တစ်စင်းဖြစ်သည့် INS Vishal သို့မဟုတ် IAC-2 ကို ထပ်မံတည်ဆောက်ရန် စီစဉ်နေပြီး ၎င်းသည် အိန္ဒိယအား သမုဒ္ဒရာပြင်ကျယ်၌ လေကြောင်းစစ်ဆင်ရေး လွှမ်းမိုးနိုင်စွမ်းနှင့် စစ်အင်အားပြသနိုင်စွမ်းကို ထိရောက်စွာပေးစွမ်းမည်ဖြစ်သည်။

အိန္ဒိယ၏ ရေတပ်အင်အားတိုးချဲ့မှုက ပထဝီနိုင်ငံရေးအရ သမုဒ္ဒရာအင်အားချိန်ခွင်လျှာကို စနစ်တကျပြောင်းလဲစေမည်ဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ရေလက်ကြားများ၊ အထူးသဖြင့် မလက္ကာရေလက်ကြား၊ ဟော်မုရေလက်ကြားနှင့် အေဒင်ပင်လယ်ကွေ့တို့ဆိုသည်မှာ တစ်ကမ္ဘာလုံးဆိုင်ရာစွမ်းအင်နှင့် ကုန်စည်စီးဆင်းမှုအတွက်မရှိမဖြစ်လိုအပ်နေသော အဓိကရေလမ်းကြောင်းများဖြစ်သည်။ အဆိုပါ လမ်းကြောင်းများတွင် ပင်လယ်ဓားပြဘေး၊ အကြမ်းဖက်မှုနှင့် နိုင်ငံတကာစစ်ရေးတင်းမာမှုများ ဖြစ်ပေါ်လာပါက ကမ္ဘာ့စီးပွားရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်တစ်ခုလုံးအပေါ် ကြီးစွာသောရိုက်ခတ်မှုများကြုံတွေ့နိုင်သည်။ အိန္ဒိယရေတပ်၏ စစ်သင်္ဘောအစင်း ၂၀၀ တိုးမြှင့်တည်ဆောက်မည့် ရည်မှန်းချက်သည် အိန္ဒိယ၏ရေကြောင်းလုံခြုံရေးကိုကာကွယ်ရန် သက်သက်သာမဟုတ်ဘဲ ဒေသတွင်း၌ လုံခြုံရေးကိုအဓိကထောက်ပံ့သူအဖြစ်ရပ်တည်နိုင်ရေးကိုပါ မျှော်မှန်းထားခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် အမေရိကန်၊ ဂျပန်၊ သြစတြေးလျတို့နှင့် ပူးပေါင်းထားသည့် Quad အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ ဒေသတွင်းမဟာမိတ်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်း၍ ရေကြောင်းကင်းလှည့်မှုများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ မကြာခဏပြုလုပ်လျက်ရှိသည်။

အနှစ်ချုပ်ရလျှင် အိန္ဒိယနိုင်ငံ၏ ၂၀၃၅ ခုနှစ်တွင် စစ်သင်္ဘောအစင်း ၂၀၀ အထိ တိုးမြှင့်မည့်စီမံကိန်းက အိန္ဒိယသမုဒ္ဒရာရေပြင်အတွင်းဖြစ်ပေါ်နေသည့် မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှု၊ ပါကစ္စတန်၏ ရေအောက်စစ်အင်အား တိုးချဲ့မှုများကို အပြည့်အဝတုံ့ပြန်ရန် ရေးဆွဲထားသော မဟာဗျူဟာဖြစ်သည်။ ပြည်တွင်းစက်မှုလုပ်ငန်းများကို အခြေခံ၍ တည်ဆောက်နေသည့် ဤရေတပ်အင်အားတိုးချဲ့မှုသည် သမုဒ္ဒရာအတွင်း အင်အားချိန်ခွင်လျှာကို ထိန်းညှိပေးရုံမျှမက ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းများ၏ ဘေးကင်းလုံခြုံရေးအတွက်အရေးပါသော အခန်းကဏ္ဍမှပါဝင်လာမည်ဖြစ်ရာ ရှေ့အနာဂတ်တွင် အိန္ဒိယသမုဒ္ဒရာသည် ကမ္ဘာ့ပထဝီနိုင်ငံရေး၏ အဓိက အာရုံစိုက်ရာရေပြင်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်နှင့် အိန္ဒိယနိုင်ငံ၏စစ်သင်္ဘောအစင်း ၂၀၀ က အိန္ဒိယသမုဒ္ဒရာကိုစောင့်ရှောက်ပေးမည့်သူများဖြစ်မည်မှာသေချာပေသည်။ **Ref: SCMP**

**ထက်မြတ်**



## ရေရှည်ငွေကြေးအခက်အခဲကြုံတွေ့ခြင်းက ဦးနှောက်အိုမင်းမှုကိုမြန်ဆန်စေ

ရေရှည်ငွေကြေးအခက်အခဲများနှင့်စီးပွားရေးကျပ်တည်းမှုများကိုရင်ဆိုင်ခဲ့ရသူများသည် သာမန်ထက် ဦးနှောက်အိုမင်းရင့်ရော်မှုပိုမိုမြန်ဆန်ပြီး မှတ်ဉာဏ်နှင့် စဉ်းစားတွေးခေါ်နိုင်စွမ်းထိခိုက်ကျဆင်းမှုပိုမိုမြင့်မားနိုင်ကြောင်း လန်ဒန်တက္ကသိုလ်မှ သုတေသနပညာရှင်များကတွေ့ရှိထားသည်။ Innovation in Aging ဂျာနယ်တွင် ဖော်ပြခဲ့သည့် ထိုသုတေသန၌ ဗြိတိန်နိုင်ငံသား ၂၇၅၉ ဦး၏ သက်တမ်းတစ်လျှောက်ဒေတာများကို သုတေသနပြုဆန်းစစ်ခဲ့ခြင်းဖြစ်သည်။

လေ့လာဆန်းစစ်ချက်များအရ အသက် ၂၆ နှစ်၊ ၄၃ နှစ်နှင့် ၅၃ နှစ်အရွယ်များတွင် ဆင်းရဲနွမ်းပါးမှု သို့မဟုတ် ကာလရှည်ကြာငွေကြေးကျပ်တည်းမှုနှင့်ကြုံတွေ့ရသူများသည် အသက် ၅၃ နှစ်အရွယ်တွင် ပြုလုပ်သည့်မှတ်ဉာဏ်နှင့် စဉ်းစားတွေးခေါ်နိုင်စွမ်း စစ်ဆေးမှုများ၌ ရမှတ် ပိုမိုနည်းပါးသည်ကို တွေ့ရှိရသည်။ အသက် ၆၉ နှစ်နှင့် ၇၁ နှစ်ကြားကိုပြုလုပ်သည့် ဦးနှောက်သံလိုက်ဓာတ်မှန်စစ်ဆေးမှုအရ ရေရှည်ငွေကြေး အခက်အခဲရှိခဲ့သူများ၏ ဦးနှောက်ကျုံ့ဝင်မှုသည် ပိုမိုပြင်းထန်ပြီး ဦးနှောက်ကျန်းမာရေး ထိခိုက်မှု ပိုမိုများပြားသည် ကို တွေ့ရှိခဲ့ရသည်။ **Ref: IE**

**ကိုထက်**

## တိုင်ဖွန်းမုန်တိုင်းနိုး တရုတ်နိုင်ငံ ကုန်တွင်းပိုင်းဝင်ရောက်

ပေကျင်း၊ ရာသီဥတု

အရှိန်အဟုန်ပြင်းသည့် တိုင်ဖွန်းမုန်တိုင်းနိုးက ဇူလိုင်လ ၂၆ ရက်နံနက်ပိုင်းတွင် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်သွားပြီဖြစ်ကြောင်းသိရသည်။

ထို့နောက်အမျိုးသား မိုးလေဝသဗဟိုဌာနက မုန်တိုင်းနှင့်ပတ်သက်၍အနီရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထားရာမှ လိမ္မော်ရောင်အဆင့်သတိပေးချက်ထုတ်ပြန်လိုက်သည်။ မုန်တိုင်းဗဟိုချက်အနီး၌ အမြင့်ဆုံးလေတိုက်နှုန်းမှာ ပြင်းအား ၁၄ အထိရှိပြီး မုန်တိုင်းမှာကုန်းတွင်းပိုင်းသို့ ဝင်ရောက်ပြီးနောက် အလွန်အားကောင်းသောမုန်တိုင်းအဖြစ်မှသာမန်မုန်တိုင်းအဖြစ် အားလျော့သွားသည်။

တစ်ချိန်တည်းမှာပင် မိုးလေဝသဌာနက မိုးကြီးရေလျှံမှုအတွက် အနီရောင်သတိပေးချက်နှင့် ပြင်းထန်သောမိုးလေဝသအခြေအနေများအတွက် အဝါရောင်သတိပေးချက်တို့ကိုထပ်မံထုတ်ပြန်ထားသည်။ ထို့ပြင် မုန်တိုင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ရုတ်တရက်ရေကြီးမှုများ၊ တောင်ပြိုမှုများနှင့် ရွှံ့နွံပြိုကျမှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို အချိန်မီ ကာကွယ်တားဆီးနိုင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့အတွက် အရေးပေါ်ပြင်ဆင်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်ကြရန်လည်း တာဝန်ရှိသူများကတိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

Ref: Xinhua

## ပါကစ္စတန်၌ မုတ်သုံမိုးကြောင့် သေဆုံးသူဦးရေ ၁၀၀ နီးပါးရှိလာ

အစ္စလာမ်မာဘတ်၊ သဘာဝဘေး

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နောက်ထပ် လူ ၁၁ ဦး သေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိရာ ယခုနှစ်မုတ်သုံရာသီအတွင်း မိုးလေဝသနှင့်ဆက်စပ်၍ သေဆုံးသူစုစုပေါင်း ၁၀၀ နီးပါးရှိလာပြီဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ဇူလိုင်လ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံအရှေ့ပိုင်း ပန်ဂျက်ပြည်နယ်သည် ယခုဖြစ်စဉ်အတွင်း ထိခိုက်ပျက်စီးမှုအများဆုံးဒေသဖြစ်ပြီး လူခုနစ်ဦး သေဆုံးကာ ၂၀ဦး ဒဏ်ရာရရှိသည်။ နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်၌ လူနှစ်ဦးသေဆုံး၊ နှစ်ဦး ဒဏ်ရာရရှိပြီး နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပက်တန်ခွာ ပြည်နယ်နှင့် နိုင်ငံမြောက်ပိုင်း ဂျေးဂစ်နှင့်ဘာလီစတန်ဒေသတို့တွင် မှုလူတစ်ဦးစီ သေဆုံးခဲ့ကြောင်း ထုတ်ပြန်ချက်အရသိရသည်။

Ref: Xinhua

## အမေရိကန်-ဂျပန်-ဖိလစ်ပိုင် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တရုတ်စစ်ဘက်က ဝေဟင်၊ ရေပြင်ကင်းလှည့်မှုဖြင့်တုံ့ပြန်

ပေကျင်း၊ စစ်ရေး

တောင်တရုတ်ပင်လယ်၌ စစ်ရေးတင်းမာမှုများမြင့်တက်နေချိန်တွင် အမေရိကန်၊ ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ ရေတပ်နှင့် ကမ်းခြေစောင့်တပ်ဖွဲ့များ ပူးပေါင်းကာ ငါးရက်ကြာ ရေကြောင်းစစ်ရေးလေ့ကျင့်မှုတစ်ခုကိုဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့မဟာမိတ်သုံးနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုထွက်ပေါ်လာပြီးနောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က အဆိုပါ ပိုင်နက်အငြင်းပွားရေပြင်အတွင်း ဝေဟင်၊ ရေပြင်ပုံမှန်ကင်းလှည့်စစ်ဆင်ရေးတစ်ခုကို ချက်ချင်းစတင်ပြုလုပ်ကြောင်း ဇူလိုင်လ ၂၆ ရက်တွင်ထုတ်ပြန်ကြေညာသည်။ ထို့ပြင်ဖိလစ်ပိုင်နိုင်ငံသည် ဒေသပြင်ပနိုင်ငံများနှင့်အတူ ပိုင်နက်အငြင်းပွားရေပြင်အတွင်း ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများပြုလုပ်ခြင်းမှာ ဒေသတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိခိုက်ပျက်ပြားစေသည်ဟု တရုတ်စစ်ဘက်ကအပြစ်တင်ဝေဖန်ထားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုများအတွင်း ပိုင်နက်အငြင်းပွားသောင်စွယ်အနီးတွင် ဖိလစ်ပိုင်ရေယာဉ်များကို တရုတ်သင်္ဘောများက ရေအမြောက်များဖြင့်ပစ်ခတ်မှုလုပ်သည်ဟု ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့ရာ ဖိလစ်ပိုင်ရေယာဉ်များအနေဖြင့် တရုတ်ပိုင်နက်သို့တရားမဝင်ကျူးကျော်ဝင်ရောက်လာသည့်အတွက် ဥပဒေနှင့်အညီ တားဆီးအရေးယူခဲ့ခြင်းဖြစ်ကြောင်း တရုတ်စစ်ဘက်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ လက်ရှိအခြေအနေများအရ တောင်တရုတ်ပင်လယ်က အင်အားကြီးနိုင်ငံများအကြား မဟာဗျူဟာမြောက် ပြိုင်ဆိုင်မှုပြင်းထန်ရာရေပြင်တစ်ခုဖြစ်လာနေသည်။

Ref: ST



## အမေရိကန်က အီရန်အပေါ် တိုက်ခိုက်မှုများ ခေတ္တရပ်ဆိုင်းဟုဆို

ဝါရှင်တန်၊ စစ်ရေး

အမေရိကန်စစ်ဘက်က အီရန်အပေါ် လေကြောင်းတိုက်ခိုက်မှုများကို ခေတ္တရပ်ဆိုင်းလိုက်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ထုတ်ပြန်ချက်ကိုကိုးကား၍ သတင်းဌာနအချို့ကဖော်ပြထားသည်။ သို့ရာတွင် ရပ်ဆိုင်းထားမည့် အချိန်ကာလကို အတိအကျ ထုတ်ဖော်ပြောထားခြင်းမရှိကြောင်း တွေ့ရသည်။

သတင်းဌာနတစ်ခုကမူ ဟော်မုရေလက်ကြားပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးရန် အိုမန်နိုင်ငံမှကိုယ်စားလှယ်အဖွဲ့ အီရန်နိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်ကို အနှောင့်အယှက်မဖြစ်စေရန် အမေရိကန်က တိုက်ခိုက်မှုများကို ဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း သတင်းရင်းမြစ်နှစ်ခုကိုကိုးကား၍ ဖော်ပြထားသည်။

သို့သော် အမေရိကန်တွင် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များလျော့နည်းလာနေပြီဖြစ်ကြောင်း အကြံပေးများ၏ သတိပေးချက်ကြောင့် သမ္မတထရမ့်က အီရန်အပေါ်အပြင်းအထန်တိုက်ခိုက်မည့် အစီအစဉ်ကိုဆိုင်းငံ့လိုက်ခြင်းဖြစ်သည်ဟု သတင်းဌာနအချို့ကဆိုသည်။

Ref: Xinhua

## နော်မန်ဒီ ဒီဒေးကမ်းခြေများ UNESCO ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာ

ပဲရစ်၊ ကမ္ဘာ့အမွေအနှစ်

ဒုတိယကမ္ဘာစစ်အတွင်း ပြင်သစ်နိုင်ငံကိုလွတ်မြောက်စေခဲ့သည့် ၁၉၄၄ ခုနှစ် ဇွန်လ ၆ ရက်တွင် မဟာမိတ်တပ်များစတင်တက်ရောက်ရာ နော်မန်ဒီ ဒီဒေးကမ်းခြေများသည် UNESCO ၏ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေး စာရင်းဝင်နေရာဖြစ်လာကြောင်း ကုလသမဂ္ဂအဖွဲ့က ဇူလိုင်လ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါ ကမ်းခြေများသည် ၁၉၄၄ ခုနှစ်ဖြစ်စဉ်များနှင့် ယနေ့ထက်တိုင် တည်ရှိနေသည့် အမှတ်ရအောက်မေ့ဖွယ်များကြောင့် ထူးခြားပြောင်မြောက်သည့် ယဉ်ကျေးမှုဆိုင်ရာပြကွက်တစ်ခုဖြစ်လာသဖြင့် အမွေအနှစ်နေရာအဖြစ်သတ်မှတ်ရခြင်းဖြစ်ကြောင်း UNESCO ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ နော်မန်ဒီ ကမ်းခြေများသည် အမေရိကန်၊ ဗြိတိန်၊ ကနေဒါနှင့် ပြင်သစ်တို့မှခေါင်းဆောင်များ ပါဝင်တက်ရောက်သည့် အထိမ်းအမှတ်ပွဲများပုံမှန်ကျင်းပရာနေရာလည်းဖြစ်သည်။ နော်မန်ဒီ ကမ်းတက်စစ်ဆင်ရေး၌ အမေရိကန်၊ ဗြိတိန်၊ ကနေဒါ၊ ဘယ်ဂျီယံ၊ နော်ဝေး၊ ပိုလန်၊ လူဇင်ဘတ်၊ ဂရိ၊ ချက်ကိုစလိုဗက်ကီးယား၊ နယူးဇီလန်နှင့်ဩစတြေးလျနိုင်ငံတို့မှ စစ်သည်များ ပါဝင်ခဲ့ကြောင်းသိရသည်။

Ref: ST



## အီရန်၏ ကုန်သွယ်ရေယာဉ်တိုက်ခိုက်ခံရမှု ယူကရိန်းကို အီရန်သတိပေး



တီဟီရန်၊ စစ်ရေး

ကက်စပီယံပင်လယ်အတွင်း သွားလာနေသည့် အီရန်နိုင်ငံပိုင် ကုန်သွယ်ရေးရေယာဉ်တစ်စင်းကို ယူကရိန်းက တိုက်ခိုက်ခဲ့သည့်အတွက် ရေယာဉ်ပေါ်တွင် ပေါက်ကွဲမှုဖြစ်ပွားကာ သင်္ဘောသားတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ အီရန်အစိုးရက ယူကရိန်းနိုင်ငံကို ပြင်းထန်စွာရှုတ်ချသတိပေးလိုက်သည်။

အဆိုပါ တိုက်ခိုက်မှုသည် ကုလသမဂ္ဂ ပဋိညာဉ်ပါပုဒ်မ ၂(၄) ကို ချိုးဖောက်ခြင်းဖြစ်ပြီးစစ်ပွဲနှင့် မတည်ငြိမ်မှုများကို ပိုမိုကျယ်ပြန့်လာစေနိုင်သည့် ကျူးကျော်စော်ကားမှုဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

အီရန်နိုင်ငံအနေဖြင့် ရုရှား-ယူကရိန်း ပဋိပက္ခတွင် မည်သည့်အခါမျှ ဝင်ရောက်စွက်ဖက်ခဲ့ခြင်းမရှိကြောင်းနှင့် ယခုတိုက်ခိုက်မှုသည် အီရန်နိုင်ငံအပေါ် ယူကရိန်း၏ ရန်လိုပြီး အကြောင်းမဲ့ဆန့်ကျင်သည့်အပြုအမူကို ပြသနေခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက အခိုင်အမာပြောသည်။

ထို့ပြင် အီရန်နိုင်ငံကအမျိုးသားအကျိုးစီးပွားနှင့်လုံခြုံရေးကို ကာကွယ်နိုင်စေရေးအတွက်တုံ့ပြန်ဆောင်ရွက်ရန် တွန့်ဆုတ်နေမည်မဟုတ်ကြောင်း၊ အကျိုးဆက်များအတွက် ယူကရိန်းအစိုးရနှင့် အားပေးကူညီသူများတွင် တာဝန်ရှိမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

Ref: Sputnik

# ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## ရေဘေးပညာပေးစာစောင်

### ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။



၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။




၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



### ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။



၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။



### ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၁

၂

၃

၄

၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲ သောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။



### ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။



၂။ ရေကြီးသော ဒေသများတွင် မြစ်၊ချောင်း ကမ်းပါး တိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်။



၃။ ရေထဲတွင် ရေကူးခြင်း လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။



၄။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။



### ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။



၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



### ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။

၂။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။

၃။ ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများမစားပါနှင့်။



၄။ ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။



၅

၆

၇

### အောက်ဖော်ပြပါအရေးပေါ်သုံးပစ္စည်းများ သင်နှင့် အတူရှိပြီလား ဆန်းစစ်ပါ။

**ပေါ့ပါးပြီး ရေစိုခံကာ သယ်ယူရ လွယ်ကူသော အိတ်ဖြင့်ထည့်ရန်။**

- [ ] ရေနှင့် ဓာတ်ဆားများ
- [ ] ကြာရှည်ခံအစားအစာများ
- [ ] ရှေးဦးသူနာပြုပစ္စည်းများနှင့် သုံးစွဲနေသည့်ဆေးဝါးများ
- [ ] အရေးပေါ်ခြုံစောင်
- [ ] အဝတ်အစားများ
- [ ] ရေစိုခံမိုးကာ
- [ ] အကြမ်းခံသည့် ဖိနပ်၊
- [ ] ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့် ရေဒီယို
- [ ] လက်နှိပ်ဓာတ်မီး/မီးအိမ်နှင့် ဓာတ်ခဲ အပိုများ
- [ ] ဘက်စုံသုံး အိတ်ဆောင်ဓားကြီး
- [ ] ဖယောင်းတိုင်၊ မီးခြစ်
- [ ] အခြားသူများ အာရုံစိုက်မှုရစေရန် လိုအပ်သည့် ဝီစီ
- [ ] တစ်ကိုယ်ရေသုံး အသုံးအဆောင်များ (ဆပ်ပြာ၊သွားတိုက်ဆေး)
- [ ] ရေစိုခံအိတ်နှင့် ထည့်ထားသည့် အရေးကြီးစာရွက်စာတမ်း၊ ငွေသား
- [ ] ကလေးများ၏ ကျောင်းသုံးပစ္စည်းများ



# လေပြင်းဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိပ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြု ရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

၇

# ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရေး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

## အုတ်တွင်း

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နေကြာအပါအဝင်ဆီထွက်သီးနှံ စိုက်ပျိုးသောတောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများအတွက် ငွေကြေးပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ခေါင်ရမ်းကျေးရွာ၌ သတ္တမအကြိမ်မြောက်မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)မှ ချေးငွေများပြန်လည်ထုတ်ချေးပေးခြင်းကို ဇူလိုင်လ ၂၆ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ခေါင်ရမ်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ ဆီထွက်သီးနှံစိုက်ပျိုးသော အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၃၃၂ သိန်းကို လွှဲပြောင်းပေးအပ်သည်။



ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခေါင်ရမ်းကျေးရွာရှိ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၈၆ ဦးထံသို့ သတ္တမအကြိမ်မြောက်မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃၂ သိန်းကို အတိုးနှုန်းသက်သာစွာ တစ်ဦးချင်းစီလက်ဝယ်အရောက်ထုတ်ချေးပေးကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

## သာပေါင်း

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေပဉ္စမအကြိမ်ထုတ်ချေးခြင်းကို စစ်စင်ကျေးရွာ၌ ဇူလိုင်လ ၂၆ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး စစ်စင်ကျေးရွာရှိမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၃ သိန်းကို ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းတို့ လုပ်ကိုင်ကြသော အသင်းသား၊ အသင်းသူ စုစုပေါင်း ၈၉ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၃ သိန်း ထုတ်ချေးပေးကြောင်း သိရသည်။ **နွဲ့ယဉ်**

## ပန်းတနော်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင်လ ၂၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ဘုရားကြီးဒေါင့်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၅၇ သန်းအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးအတွက်ငွေကျပ် ၂၂ ဒသမ ၇၅သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးအတွက်ငွေကျပ် ၂၇ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးအတွက်ငွေကျပ် ၆ ဒသမ ၄ သန်း စုစုပေါင်းအဖွဲ့ဝင် ၁၃၆ ဦးအတွက် ငွေကျပ် ၅၇ သန်းကို လက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။

**ငြိမ်းသူ**

## ကြို့ပင်ကောက်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လက်ပံပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒသမအကြိမ် ပြန်လည်ထုတ်ချေးပေးခြင်းအခမ်းအနားကို ဇူလိုင်လ ၂၆ ရက်တွင် ကျင်းပသည်။

ထိုသို့ထုတ်ချေးပေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၂၈ သိန်းအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လက်ပံပင်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အသက်မွေးဝမ်းကျောင်းစက်ချုပ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်းအသင်းသား ၉၅ ဦးအတွက် စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၅၂၈ သိန်းကို ထုတ်ချေးပေးကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

---

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**




## ကျေးဇူးတင်လွှာ

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၄၊ ၁၅၊ ၁၈၊ ၁၉)ရက်နေ့များ၌ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် (၄)ရက်တိုင်တိုင် ကျင်းပခဲ့သည့် "WORLD CUP 26 FAN FESTIVAL MYANMAR Presented By TV360" ကမ္ဘာ့ဖလား ၂၆ ဘောလုံးပရိသတ်များ ပွဲတော်ကြီးအား ပရိသတ်အင်အား (၁၂,၅၀၀)ကျော်ဖြင့် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်အောင် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော အားကစားရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) နှင့် FIFA WORLD CUP 26 (Asia Region) မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)၊ MYTEL- Telecom International Myanmar Company Limited၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)၊ ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် (YBS)၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန (MOSYA)၊ သုဝဏ္ဏအားကစားကွင်း (ရန်ကုန်)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး ၊ Treasure Cap Group of Companies ၊ Forever Group Co., Ltd၊ DM-4 Event Solution Myanmar Co., Ltd၊ Lwin Min Hein Co.,Ltd၊ Soe Electrical၊ Mingalar Sky Co., Ltd၊ ECX Printing Services ၊ Generd Risk & Security Management ၊ Sun & Moon Stage Construction၊ YGR Network & Advertising၊ Sky Media ၊ Griffin Marketing Co.,Ltd၊ Bulb Creative Solution၊ ဖန်တီးရှင် Setting & Decoration၊ ROME Bar Festival & Event Bar Management တို့အားလည်းကောင်း၊ Event Sponsor များဖြစ်ကြသော Title Sponsor - TV 360 by Mytel (Official FIFA World Cup 26 Exclusive Broadcast Rights Holder for Myanmar) ၊ Gold Sponsors - Yangon ၊ Rohto Eye Care & Skincare၊ Silver Sponsor - Grand Cherry Oo Watch Gallery၊ Bronze Sponsor - BECAUSE Coffee၊ LED ကြော်ငြာများ ထည့်သွင်းပေးကြပါသော Sweety Home Living Mall၊ ပွင့်ဖြူမြေပဲကြော်နှင့် စားသောက်ကုန်လုပ်ငန်း၊ Haosu Balm၊ Ding Wang Snow Cookies၊ နေလကမ္ဘာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ Event Partner များဖြစ်ကြသော Mytel၊ Tikkat ၊ M21 Sports ၊ Europe & Asia Commercial (EAC) (Fire Dragon Energy Drinks & Asia Purified Drinking Water)၊ CORSA Co., Ltd. (Meadows Hot & Spicy Flavor Potato Chips) နှင့် Food Stall Vendors များ၊ CHILLY WILLY Ice-Cream & Popsicle ၊ Official Event Photography - Studio Paparazzi ၊ Thike Emotional Art Studio၊ MRTV-4, Channel-7၊ Mandalay FM နှင့် TEEN Radio တို့အားလည်းကောင်း၊ ပွဲကြီးအစမှအဆုံး တက်ရောက်သတင်းယူတင်ဆက်ပေးကြသော စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများနှင့် Online Media များ အားလုံးတို့အားလည်းကောင်း၊ ပါဝင်သီဆိုဖျော်ဖြေပေးကြပါသော နိုင်ငံကျော်အနုပညာရှင်များ ဖြစ်ကြသည့် ဖြိုးကြီး၊ သားစိုး၊ မိုးမိုး၊ ပိုင်မင်းဟိန်း၊ မေခလာ၊ စန္ဒီမြင့်လွင်၊ နီနီခင်ဇော်၊ ဆုလှိုင်၊ မေမြတ်နိုးခင်၊ DJ MAS Beatz၊ DJ KEKO၊ The Secret Dance Studio ၊ ရုပ်ရှင်သရုပ်ဆောင် စည်သူမောင်၊ မိုးကောင်းကင် (MC) တို့နှင့်တကွ "World Cup 26 Fan Festival Myanmar Presented by TV360" ပွဲတော်ကြီးအား အထူးစည်ကားသိုက်မြိုက် အောင်မြင် ပျော်ရွှင်စွာဖြင့် ကျင်းပနိုင်ရန် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော တစ်ဦးတစ်ယောက်ချင်းစီအား ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ပွဲကျင်းပရေးကော်မတီ
(World Cup 26 Fan Festival Myanmar Presented by TV 360)



## ကျန်းမာရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနမှ (၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးပြည်သူ့ဆေးရုံကြီးရှိ Lot(1)၊ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနအောက်ရှိ Lot(5) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားပိုင်ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၂၇-၇-၂၀၂၆)
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - (၃-၈-၂၀၂၆) ညနေ(၄:၃၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးတိုင်းကုသရေးဦးစီးဌာနမှူးရုံး(လမ်း ၇၀၊ ၂၇ x ၂၈ ကြား)သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန**

### ပျောက်ဆုံးကြောင်း
တံတားဦးမြို့၊ စကားအင်း(အလယ်)ကျေးရွာအုပ်စု၊ အမှတ်(၂)ရွာလမ်းမကြီးနေ အိအိမွန်(ဘ)ဦးဝင်းဆွေ ၉/စကတ(နိုင်)၀၉၅၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 337512)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၆၆၉၆၀၃

### ပျောက်ဆုံးကြောင်း
ထန်းတပင်မြို့နယ်နေ စုစုဝင်း(ဘ)ဦးကြည်ဝင်း ၇/ထတပ(နိုင်)၁၂၅၅၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၉၄၉၆၀၉၃

## AKHAL COMPANY LIMITED
## (အစုရှယ်ယာရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
## နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

"AKHAL COMPANY LIMITED"သည် နောက်ဆုံးအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်၊ ညနေ(၃:၀၀)နာရီအချိန်တွင် NO.54, KHA/3 STREET, MYOTHIT A+B, INSEIN TOWNSHIP, YANGON. တွင် ကျင်းပမည်ဖြစ်၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့်အတူ စာရင်းရှင်းတမ်းများတင်ပြပါမည်။

**ဒေါ်ဖြူဖြူငြိမ်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

### ပျောက်ဆုံးကြောင်း
ရဲလင်းထွန်း(ဘ)ဦးမြမင်းဦး ၁၂/မရက(နိုင်)၁၁၆၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 357491)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၅၅၄၆၆၅၉

### ပျောက်ဆုံးကြောင်း
အေးဇင်မာငြိမ်း(ဘ)ဦးဝင်းတင် ၉/ပဥလ(နိုင်)၀၈၈၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၈၇၉၉၃၇

### ပျောက်ဆုံးကြောင်း
ဖိုးဆူမြား(ဘ)ဦးနော်ဇူများ ၁၂/သဃက(နိုင်)၂၀၉၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သိန်းထွန်း(ဘ)ဦးသိန်းမောင်၁၂/အလန(နိုင်)၀၀၁၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မေသူဇော်(ဘ)ဦးသိန်းဝင်း ၇/လပတ(နိုင်)၁၈၅၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 385320)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဖြူဖြူသန့်(ဘ)ဦးမျိုးကြင် ၁၂/သဃက(နိုင်)၁၅၉၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အေးပပခိုင်(ဘ)ဦးကျော်ကျော်ဦး ၁၂/မဂဒ(နိုင်)၁၇၄၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အောင်ကျော်စိုး(ဘ)ဦးမြင့်ရွှေ၁၄/ဇလန(နိုင်)၁၇၂၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 794331)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မင်းမင်း(ဘ)ဦးဝင်းညွှန့် ၇/သနပ(နိုင်)၁၀၂၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂




### ဖခင်အမည်မှန်
တောင်တွင်းကြီးမြို့၊ RMEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မချောစုခင်၏ဖခင်အမည်မှန်မှာ ဦးသန်းငွေအောင် ၈/ဆမန(နိုင်)၀၄၅၇၄၄ ဖြစ်ပါကြောင်း။
**ဦးသန်းငွေအောင်**

### မိခင်အမည်မှန်
လယ်ဝေးမြို့၊ ပြည့်စုံကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မောင်ပိုင်ဖြိုးသီဟ၏ မိခင်အမည်မှန်မှာ ဒေါ်စမ်းစမ်းမင်း ၉/လဝန(နိုင်)၁၃၄၇၀၄ ဖြစ်ပါကြောင်း။
**ဒေါ်စမ်းစမ်းမင်း**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တာသုခ အ.ထ.က Grade-12 တွင် ပညာသင်ကြားနေသော မောင်သီဟအောင်၏ဖခင် ဦးကျော်မြိုင်၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၄၁၆၄၇ အရ ဦးလှမြင့်ထွန်းဖြစ်ပါကြောင်း။ **ဦးလှမြင့်ထွန်း**

### ပျောက်ဆုံးကြောင်း
ဝင့်ဝါဝါအောင်(ဘ)ဦးအောင်သိန်း ၃/မဝတ(နိုင်)၀၁၅၅၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(607865)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဇင်ကိုကိုထူး(ဘ)ဦးမောင်မောင်ထူး ၁၂/ဒပန(နိုင်)၀၆၈၉၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၁၉၂၉၀၉

### ပျောက်ဆုံးကြောင်း
နေလင်း(ဘ)ဘာဘူ ၁၂/ဒဂရ(နိုင်)၀၀၄၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အောင်ကျော်စိုး(ဘ)ဦးမျိုးလှိုင် ၇/သနပ(နိုင်)၁၆၆၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

# ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်မဲခွဲပွဲကို ဩဂုတ်လ ၂၇ ရက်တွင်ကျင်းပမည်




လန်ဒန် ဇူလိုင် ၂၆

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)က ကြီးမှူး၍ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်မဲခွဲပွဲကို ဩဂုတ်လ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲကို အစောပိုင်းနှစ်များက ၃၂ သင်းဖြင့်သာကျင်းပခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲဝင်အသင်း ၃၆ သင်းဖြင့်ကျင်းပခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲကို ပြီးခဲ့သည့်ဘောလုံးရာသီမှစတင်၍ ပြိုင်ပွဲဝင်အသင်းအရေအတွက် တိုးမြှင့်ခဲ့ကာ ပုံစံအသစ်ဖြင့် ကျင်းပပြီး အုပ်စုခွဲခြားမကျင်းပတော့ဘဲ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အိမ်ကွင်း၌ လေးပွဲ၊ အဝေးကွင်း၌လေးပွဲ ပြိုင်ပွဲဝင်အသင်းတိုင်း စုစုပေါင်း ရှစ်ပွဲကစားရခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်၌ ရှစ်ပွဲကစားပြီးချိန်တွင် အဆင့်(၁)နေရာမှ အဆင့်(၈)နေရာအထိ အသင်းရှစ်သင်းအနေဖြင့် ၁၆ သင်းရှုံးထွက်အဆင့်သို့တက်ရောက်နိုင်မည်ဖြစ်ပြီး အဆင့်(၉)နေရာမှ အဆင့်(၂၄)နေရာအတွင်း ရပ်တည်ကြသည့်အသင်းများအနေဖြင့် ရှုံးထွက်အဆင့်ပွဲစဉ်တစ်ပွဲကစားပြီး အနိုင်ရရှိသည့်အသင်းရှစ်သင်းက ၁၆ သင်းရှုံးထွက်အဆင့်တက်ရောက်ခဲ့ခြင်းဖြစ်ကာ အဆင့်(၂၅)နေရာမှ အဆင့်(၃၆) နေရာအထိ အသင်းများက ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အာဆင်နယ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကစားရာတွင် ပီအက်စ်ဂျီအသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကြိမ်ဆက် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref:Top Skills Sports UK*

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုကို စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် အစီအစဉ်မရှိကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီထုတ်ပြန်

ဗူးရစ်ချ် ဇူလိုင် ၂၆

နိုင်ငံတကာအိုလံပစ်ကော်မတီက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုကို စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် အစီအစဉ်မရှိကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှ လုပ်ရပ်များအတွက် လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် Fair Square က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ပေးရန် နိုင်ငံတကာအိုလံပစ်ကော်မတီထံ တိုင်ကြားမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြိုင်ပွဲကျင်းပမှုများအပေါ် ဝင်ရောက်စွက်ဖက်မှုများ လုပ်ဆောင်ခဲ့သော်လည်း အင်ဖန်တီနိုက လိုက်လျောမှုများလုပ်ဆောင်ခဲ့ခြင်းအတွက် Fair Square က အင်ဖန်တီနိုနှင့် ဒေါ်နယ်ထရန့်တို့ကြား မရိုးသားမှုများရှိနေသည်ဟု စွပ်စွဲတိုင်ကြားခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမေရိကန်အသင်းမှ အဓိက ကစားသမား ဘာလိုဂန်သည် ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ်ကစားခဲ့သော အမေရိကန်အသင်းက ဘော့စနီးယားအသင်းကို ၂ ဂိုး - ဂိုးမရှိဖြင့်အနိုင်ရရှိသည့်ပွဲစဉ်တွင် ပြိုင်ဘက်အသင်းကစားသမားကို ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် အနီကတ်ပြသခံခဲ့ရသည်။

ထိုပြစ်ဒဏ်ကြောင့် ဘယ်လ်ဂျီယံအသင်းနှင့် ကစားမည့်အရေးကြီးပွဲစဉ်ကိုပွဲပယ်ခံရမည်ဖြစ်သော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဘာလိုဂန်၏အနီကတ်ပြစ်ဒဏ်ကို ဆိုင်းငံ့ပေးရန် ဖိအားပေးတောင်းဆိုပြီးနောက် အင်ဖန်တီနိုကလည်း ဆိုင်းငံ့ပြစ်ဒဏ်အဖြစ် သတ်မှတ်ခဲ့သည့်အတွက် ဘာလိုဂန်အနေဖြင့် ပွဲပယ်မခံရဘဲ ဆက်လက်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်အတွက် အင်ဖန်တီနိုအနေဖြင့် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရပြီး နိုင်ငံတကာအိုလံပစ်ကော်မတီကလည်း စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန်အစီအစဉ်မရှိဟု အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

*Ref:ESPN*

# ဆီနီဂေါအသင်း၏ ၂၀၂၅ အာဖရိကဖလားချန်ပီယံဆု ရုပ်သိမ်းခံရမှုအယူခံကို အောက်တိုဘာလတွင် စစ်ဆေးကြားနာမှုလုပ်ဆောင်သွားမည်



ဒါကာ ဇူလိုင် ၂၆

ဆီနီဂေါအသင်း၏ ၂၀၂၅ အာဖရိကဖလား ချန်ပီယံဆု ရုပ်သိမ်းခံရမှုအယူခံကို အားကစားဆိုင်ရာ သမာဓိခုံရုံး၌ လာမည့်အောက်တိုဘာလ ၈ ရက်တွင် စစ်ဆေးကြားနာမှု လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၅ အာဖရိကဖလား ဗိုလ်လုပွဲအဖြစ် အိမ်ရှင် မော်ရိုကိုအသင်းနှင့် ဆီနီဂေါအသင်းတို့ ကစားခဲ့ရာ ဆီနီဂေါအသင်းက ၁ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သော်လည်း ပွဲစဉ်အတွင်း အငြင်းပွားမှုများရှိခဲ့ပြီးနောက် အာဖရိကဘောလုံးအဖွဲ့ချုပ်က ဆီနီဂေါအသင်း၏ အာဖရိကဖလားချန်ပီယံဆုကို ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်၌ ပွဲချိန် မိနစ် ၉၀ ပြီးနောက် အချိန်ပိုစမိနစ်ဆက်လက်ကစားရာ ပွဲပြီးဆုံးခါနီးတွင် ကွင်းလယ်ဒိုင်လူကြီး အမ်ဂန်ဘိုက မော်ရိုကိုအသင်းကို ပယ်နယ်တီသတ်မှတ်ပေးရာတွင် ဆီနီဂေါအသင်းကစားသမားများက ကွင်းလယ်ဒိုင်လူကြီး၏ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသောကြောင့် အသင်းမှ နည်းပြအဖွဲ့ဝင်များနှင့်ကစားသမားအားလုံးက ပွဲစဉ်ကို ဆက်လက်ကစားခြင်းမရှိဘဲ ကွင်းအတွင်းမှ ထွက်ခွာခဲ့သည့်အတွက် ပွဲချိန် ၁၇ မိနစ်ခန့်အထိ ရပ်နားခဲ့ရခြင်းဖြစ်သည်။

ထို့နောက် ပြိုင်ပွဲတာဝန်ရှိသူများ၏ ဖျောင်းဖျမှုကြောင့် ပွဲကိုဆက်လက်ကစားရာ ဆီနီဂေါအသင်း ဂိုးသမား မန်ဒီက မော်ရိုကိုအသင်းမှ ဘရာဟမ်ဒီယက်ဇ်၏ပယ်နယ်တီကို ကာကွယ်နိုင်ခဲ့သည်။ ပွဲချိန် ၉၄ မိနစ်တွင် ဂူယီက ဆီနီဂေါအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးသွင်းယူနိုင်ခဲ့ပြီး မော်ရိုကိုအသင်းကို ၁ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

သို့သော် အဆိုပါပွဲစဉ်အပြီးတွင် မော်ရိုကိုနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဆီနီဂေါအသင်းကစားသမားအားလုံးကွင်းအတွင်းမှ ထွက်ခွာခဲ့မှုသည် ပြိုင်ပွဲစည်းမျဉ်းများချိုးဖောက်ခဲ့ခြင်းဖြစ်သည်ဟု အာဖရိကဘောလုံးအဖွဲ့ချုပ်ထံ တိုင်ကြားမှုလုပ်ဆောင်ခဲ့ပြီးနောက် အာဖရိကဘောလုံးအဖွဲ့ချုပ်ကလည်း ဆီနီဂေါအသင်း၏ ချန်ပီယံဆုဖလားကို ပြန်လည်ရုပ်သိမ်းခဲ့ပြီး မော်ရိုကိုအသင်းကို ၃ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရလဒ်သတ်မှတ်ပေးခဲ့သည့်အတွက် ဆီနီဂေါနိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း အယူခံဝင်ထားခြင်းဖြစ်ကြောင်း သိရသည်။

*Ref:Fabrizio Romano*

## နွေရာသီကစားသမား အပြောင်းအရွှေ့ကာလ သတင်းအတိုများ

- မန်စီးတီးအသင်းက အသင်းကွင်းလယ်ပိုင်း၌ ရိုဒရီအနေဖြင့် အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့်အတွက် ဘာစီလိုနာအသင်းမှ ဆယ်ကျော်သက်ကွင်းလယ်ကစားသမား ဘာနယ်ကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- လီဗာပူးအသင်းက အသင်းတောင်ပံတိုက်စစ်ပိုင်းအတွက် ဘီလ်ဘာအိုအသင်းမှ လူငယ်ကစားသမားနီကိုဝီလီယံကို ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။
- မန်ယူအသင်းက အက်စ်တွန်ဗီလာအသင်းမှ တိုက်စစ်ကစားသမား အိုလီဝက်စ်ကင်ကိုခေါ်ယူရန် ကြိုးပမ်းနေပြီး အက်စ်တွန်ဗီလာအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ သတ်မှတ်ထားကြောင်း သိရသည်။
- ရီးယဲလ်မက်ဒရစ်အသင်းက ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီးများ ခေါ်ယူရန်ကြိုးပမ်းနေသည့် လိုက်ပဇစ်အသင်းမှ လူငယ်တိုက်စစ်ကစားသမား ဒီယိုမန်ဒီကို မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြစ်သည့် ယူရိုသန်း ၉၀ အပြင် အပိုဆုကြေး ယူရို ၁၀ သန်း စုစုပေါင်း ယူရို သန်း ၁၀၀ ဖြင့် ခေါ်ယူနိုင်ရန်နီးစပ်နေကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် အဆင်မပြေဖြစ်နေသည့် ဗင်နီစီးယက်ကိုခေါ်ယူနိုင်ရေး အံ့အားသင့်ဖွယ်ကြိုးပမ်းနေကြောင်း သိရသည်။

# စွန့်ပစ်ပစ္စည်းများစနစ်တကျစွန့်ပစ်နိုင်ရေး အသိပညာပေးလူထုလှုပ်ရှားဆောင်ရွက်မှုအနေဖြင့် ဘားအံမြို့ ကြာအင်းတောင်ခရီးစဉ်ဒေသ၌ စုပေါင်းအမှိုက်ကောက်

**ဘားအံ ဇူလိုင် ၂၆**

စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရေးနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းသုံးစွဲမှုလျှော့ချနိုင်ရေး အသိပညာပေးလူထုလှုပ်ရှားဆောင်ရွက်မှုအနေဖြင့် ကရင်ပြည်နယ် ခရီးစဉ်ဒေသတစ်ခုဖြစ်သော ဘားအံမြို့ ကြာအင်းတောင် ခရီးစဉ်ဒေသ၌ ပြည်နယ်ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကြာအင်းတောင်ချစ်သူများသည် ယနေ့ စုပေါင်းအမှိုက်ကောက်ကြသည်။

ကြာအင်းတောင်ခရီးစဉ်ဒေသသည် ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသ ၁၉ ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကရင်ပြည်နယ်၏ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာခရီးစဉ်ဒေသချစ်သူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အစိုးရရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် အခါအားလျော်စွာစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ကြာအင်းတောင်ခရီးစဉ်ဒေသ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးတို့က သွားရောက်ကြည့်ရှုအားပေးကြကြောင်းသိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

**⇨ မြန်မာ့ရိုးရာလက်ဝှေ့မှအဆက်**

သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသည် သုံးမိနစ် ထိုး၊ နှစ်မိနစ်နား သုံးချီစိန်ခေါ်ပွဲများဖြစ်ပြီး လူငယ်လက်သွက် မျိုးဆက်သစ်တွဲဆိုင်း ၁၀ ဆိုင်း ပါဝင်ထိုးသတ်ခဲ့ကြသည်။

နိုင်မင်းဟိန်း(Vangurad)နှင့် ထက်လင်း(Top One)တို့ပွဲတွင် ပွဲစသည်နှင့်ထက်လင်းက ပြိုင်ဘက်ကိုဖိအားပေးထိုးသတ်ခဲ့သည့်အတွက် နိုင်မင်းဟိန်း ပထမအချီမှာတင် နှစ်ကြိမ်အနားတောင်းခဲ့ရပြီး ဆက်လက်မယှဉ်ပြိုင်နိုင်သည့်အတွက် ထက်လင်း အနိုင်ရရှိသွားသည်။ လင်းလတ်ကြယ်(ဇာမဏီမောင်)နှင့် ကျားဖြူ(ကျားမနိုင်)တို့ပွဲတွင် ပထမအချီ၌ သူတစ်ပြန်ကိုယ်တစ်ပြန်ကစားနိုင်သော်လည်း ခြေရောလက်ပါ ဟန်ချက်ညီကစားတတ်သည့် လင်းလတ်ကြယ်၏ခြေကန်ချက်ထိပြီး ဒုတိယအချီတွင် ကျားဖြူအနားတောင်း အရှုံးပေးလိုက်ရသည်။ ဟန်ထက်စိုး(Smart Fight)နှင့် ရှိုင်းထက်အောင်(ဇာတိမြန်မာ)တို့ပွဲတွင် လက်သီးတွဲလုံးများဖြင့် ဖိအားပေးပြီး အမြင့်ခြေကန်ချက်ကောင်းသည့် ဟန်ထက်စိုးက ဒုတိယအချီတွင် အနိုင်ရရှိသွားသည်။

နေဇော်ထက် (ဇာမဏီမောင်)နှင့် သွင်းသမိုင်း(ကျားမနိုင်)တို့ပွဲတွင် နေဇော်ထက်က ပထမအချီတွင်လည်းကောင်း၊ ကောင်းခန့်ကျော် (ပဲခူးကလပ်)နှင့် အောင်ဟိန်း(ပိုင်သွန်တော်ဝင်ရော)တို့ပွဲတွင် ကောင်းခန့်ကျော်က ပထမအချီတွင်လည်းကောင်း၊ စိုင်းမင်းသစ်(ပိုင်သွန်တော်ဝင်ရော)နှင့် ရဲမင်းအောင် (Smart Fight)တို့ပွဲတွင် စိုင်းမင်းသစ်က တတိယအချီတွင်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ထို့အတူ မိုးရာဇာ(ပိုင်သွန်တော်ဝင်ရော)နှင့် စောမူရှာထူး(Holy Power)၊ မွန်လေး(ဇာတိမြန်မာ)နှင့် မြို့အောင်လေး(YFC)၊ ဖြိုးမင်းသန့်(ပဲခူးကလပ်)နှင့် သုတဇော်(ကျားဘုရင်)၊ ရွှေထီး(YMA)နှင့် ရဲမင်းအောင်(Smart Fight)တို့ပြိုင်ပွဲများတွင် လူငယ်များပီပီ အသည်းမာမာဖွဲ့ပါပါဖြင့် အနိုင်မခံ အရှုံးမပေးဘဲ အချီပြည့်ထိုးသတ်ခဲ့ကြသော်လည်း ပူးတွဲသရေဖြစ်သာ ပွဲပြီးဆုံးခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

---

**➡ ၄၀ ကီလိုမီတာမှအဆက်**

ပြိုင်ပွဲကို စက်တင်ဘာလ ၆ ရက် နံနက် ၆ နာရီတွင်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲဝင်မြင်းများသည် ကျန်းမာရေးကောင်းမွန်ပြီး မြင်းအသက်လေးနှစ်အထက်ရှိရမည်ဖြစ်ကာ မြင်း Resting Heart Beat (၄၀)အောက်ဖြစ်ရမည်၊ အားကစားသမားများနှင့်မြင်းများသည် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်တွင် Register ပြုလုပ်ပြီးဖြစ်ရန်လိုအပ်ပြီး မပြုလုပ်ရသေးပါက ပြိုင်ပွဲတွင်ပြုလုပ်ပေးသွားမည်ဖြစ်သည်။ လူနှင့်မြင်းကုန်းနှီးအပါအဝင် အနည်းဆုံးအလေးချိန် ၇၀ ကီလိုဖြစ်ရမည်၊ မြင်းစီးအားကစားသမားသည်ကျန်းမာရေးကောင်းမွန်ပြီး တာဝေးစီးနိုင်ရမည်၊ အသက် ၁၄ နှစ်အထက် အားကစားသမားများဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်အားကစားသမားနှင့်မြင်းများ ပြိုင်ပွဲပြီးဆုံးသည်အထိ အတွဲလိုက်ဖြစ်ရမည်ဟု စည်းကမ်းချက်များသတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်လိုသည့် မြင်းစီးအားကစားသမားများအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာတွင် အချက်အလက်များဖြည့်စွက်၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်သို့ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်မြင်းများ အမြန်လမ်းမကြီးမှ သယ်ယူခွင့်ရရှိရန် သယ်ယူလိုသည့်ရက်မတိုင်မီ အနည်းဆုံး ခုနစ်ရက်ကြိုတင်၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်သို့ လိုအပ်သောအချက်အလက်များနှင့်အတူပေးပို့ရမည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉ – ၇၉၅၄၀၈၀၅၂ နှင့် ၀၉ – ၅၁၅၈၀၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။

အဆိုပါ (၄၀)ကီလိုမီတာ ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲသည် ၂၀၂၇ ခုနှစ် စက်တင်ဘာလတွင် မလေးရှားနိုင်ငံ၌ကျင်းပမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အရည်အချင်းပြည့်မီသည့် လက်ရွေးစင်မြင်းစီးအားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

---

**▲ ကျောဖုံးမှအဆက်**

ဗိုလ်လုပွဲပြီးဆုံးပြီးနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းက ပြိုင်ပွဲတွင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဒိုင်လူကြီးများအား အမှတ်တရဆုများပေးအပ်ခဲ့ပြီး ပြိုင်ပွဲ၏အသန့်ရှင်းဆုံးဆုရရှိသော KSL အသင်းကို အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်ငါးသိန်းပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲတွင်အကောင်းဆုံးဂိုးသမားဆုရရှိသည့် YCDC Dream Team အသင်းမှ ကျော်ရဲသွေးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မြင့်မော်က အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်ငါးသိန်းအားလည်းကောင်း၊ ပြိုင်ပွဲ၏အကောင်းဆုံး (ယူ-၁၉) လူငယ်ကစားသမားဆုရရှိသည့် Yangon Academy အသင်းမှ အောင်စည်ထက်အား EABC Distribution Co.,Ltd. Fire Dragon မှ National Event & Activation Manager ဦးမျိုးမင်းလတ်က အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်ငါးသိန်းအားလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နည်းစနစ်ဒါရိုက်တာ ဦးဌေးမြင့်က အကောင်းဆုံးကစားသမားဆုရရှိသည့် YRG အသင်းမှ Wendel Mendes ကို အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်ငါးသိန်းအားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ EABC Distribution Co., Ltd. Fire Dragon မှ Marketing Director Mr. Gerald Yeo က စတုတ္ထဆုရရှိသော KSL အသင်းအား ဆုကြေးငွေကျပ် ၂၅ သိန်းအားလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်က တတိယဆုရရှိသော M2K အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀ အားလည်းကောင်း၊ ဒုတိယဆုရရှိသော YRG အသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီဥက္ကဋ္ဌ ဦးဝင်းသော် က တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၇၅ သိန်းအားလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ချန်ပီယံဆုရရှိသော YCDC Dream Team အသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေက တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၁၀၀ ကို ချီးမြှင့်ပေးအပ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုကော်မတီဥက္ကဋ္ဌ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ချန်ပီယံဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၇-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၃၅၀ | ၃၄၉၀ | ၃၄၄၅ | ၃၃၆၅ | ၃၄၉၅ | ၃၅၁၀ | ၃၅၃၅ | ၃၄၃၀ | ၃၇၅၀ | ၃၇၉၀ | ၃၄၅၀ | ၃၅၅၀ | ၃၅၃၅ | ၃၄၉၅ | ၃၅၁၀ | ၃၇၅၀ |
| 95 Ron | ၃၄၆၀ | ၃၆၀၀ | ၃၅၅၅ | ၃၄၇၅ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၅ | ၃၅၄၀ | ၃၈၆၀ | ၃၉၀၀ | ၃၅၆၀ | ၃၆၃၅ | ၃၆၄၅ | ၃၆၀၅ | ၃၆၂၀ | ၃၈၆၀ |
| HSD (500 ppm) | ၃၅၆၀ | ၃၆၉၀ | ၃၆၅၀ | ၃၅၇၅ | ၃၆၉၅ | ၃၇၁၀ | ၃၇၃၅ | ၃၆၃၅ | - | ၃၉၈၀ | ၃၆၅၅ | ၄၀၈၀ | ၃၇၃၅ | ၃၆၉၅ | ၃၇၁၀ | ၃၉၄၀ |
| HSD (50 ppm) | ၄၃၁၅ | ၄၄၅၀ | ၄၄၁၀ | ၄၃၃၀ | ၄၄၅၅ | ၄၄၇၀ | ၄၅၀၀ | ၄၃၉၅ | ၄၇၁၅ | ၄၇၅၀ | ၄၄၁၀ | ၄၅၉၅ | ၄၄၉၅ | ၄၄၅၅ | ၄၄၇၀ | ၄၇၁၀ |
| HSD (10 ppm) | ၄၃၁၅ | ၄၄၅၀ | ၄၄၁၀ | ၄၃၃၀ | ၄၄၅၅ | ၄၄၇၀ | ၄၅၀၀ | ၄၃၉၅ | | ၄၇၅၀ | ၄၄၁၀ | ၄၅၉၅ | ၄၄၉၅ | ၄၄၅၅ | ၄၄၇၀ | ၄၇၁၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၁၆၇ | ၃၂၆၄ |
| 95 Ron | ၃၂၇၄ | ၃၃၇၃ |
| HSD (500 ppm) | ၃၃၈၀ | ၃၄၇၇ |
| HSD (50 ppm) | ၄၀၉၉ | ၄၂၁၀ |
| HSD (10 ppm) | ၄၀၉၉ | ၄၂၁၀ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၁၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဇူလိုင်လအတွင်း ပြည်ပနိုင်ငံများသို့ ပြောင်းတန်ချိန်တစ်သိန်းကျော် တင်ပို့နိုင်ရန်လျာထား



ရန်ကုန်  ဇူလိုင် ၂၆

ဇူလိုင်လအတွင်း ပို့ကုန်လျာထားချက်အနေဖြင့် ပြည်ပနိုင်ငံများသို့ ပြောင်းတန်ချိန် တစ်သိန်းကျော် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၆ သန်းကျော်ရရှိနိုင်ရန် လျာထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

"စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ လျာထားချက်ရဲ့ နှစ်ဆတိုးမြှင့်တင်ပို့နိုင်ဖို့ကိုလည်း ပြောင်းပို့ကုန်လုပ်ငန်းရှင်တွေကို တိုက်တွန်းထားပါတယ်။ ပြီးခဲ့တဲ့လကလည်း လျာထားချက်ကို ကျော်လွန်တင်ပို့နိုင်ခဲ့ပါတယ်" ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦး ကပြောသည်။

ပြီးခဲ့သည့်ဇွန်လအတွင်းက ပြည်ပသို့ ပြောင်းတန်ချိန် တစ်သိန်းကျော် တင်ပို့ရန်လျာထားရာ သုံးသိန်းခွဲကျော်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၇ သန်းကျော် ရရှိခဲ့ခြင်းကြောင့် ဇွန်လအတွက် ပြည်ပသို့ ပြောင်းတင်ပို့မှုလျာထားချက်ထက် ပြည့်မီကျော်လွန်ခဲ့ကြောင်း သိရသည်။

မြန်မာ့ပြောင်းကို ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံသို့ အများဆုံးတင်ပို့နေပြီး အိန္ဒိယနိုင်ငံမှ နိုင်ငံတွင်းလိုအပ်ချက်ပေါ်မူတည်ကာ ဝယ်ယူနေခြင်းဖြစ်သည်။

လတ်တလောတွင် ထိုင်းနိုင်ငံ၏မူဝါဒအရ ယခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ဩဂုတ်လကုန်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် မြန်မာ့ပြောင်းများကို ထိုင်းနိုင်ငံသို့ တင်ပို့နေရကြောင်း သိရသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပြောင်းတန်ချိန် ၁၄ သိန်းခန့်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သန်း ၃၄၀ ကျော်ရရှိရန် လျာထားကြောင်း သိရသည်။

ဝါဝါ

# မင်းဘူးမြို့နယ် ပုဂံစစ်ကျေးရွာ၌ စနစ်ကျသောစိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

မင်းဘူး  ဇူလိုင် ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပုဂံစစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၆၉၉ သိန်းဖြင့် ဆောင်ရွက်ထားသည့် စနစ်ကျသောစိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများအား ဇူလိုင်လ ၂၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပုဂံစစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စနစ်ကျသော စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပုဂံစစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်က အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ၁၂ ကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၆၉၉ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇင်မာ

# ဒဂုံ(တောင်ပိုင်း)မြို့နယ်၌ ခွေးရူးပြန်ရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြော

ရန်ကုန်  ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၅ ရက်က ဒဂုံ(တောင်ပိုင်း)မြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနော်မာဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းနိုင်၊ အရှေ့ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တင်အေးချိုတို့က ခွေးရူးမှတစ်ဆင့် လူသို့ ရောဂါကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများ ခွေးရူးပြန်ရောဂါနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများရရှိစေရန် အသိပညာပေးဟောပြောခဲ့ပြီး ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများ လက်ဝယ်အရောက် ဖြန့်ဝေပေးကြသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒဂုံ(တောင်ပိုင်း)မြို့နယ် အမှတ် (၁) ရပ်ကွက်အတွင်းရှိ ခွေးအကောင်ရေ ၃၀ ခန့်ကို ခွေးရူးရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# နည်းပညာတက္ကသိုလ် (တောင်ငူ)၌ မိုးရာသီဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ



တောင်ငူ  ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ နည်းပညာတက္ကသိုလ် (တောင်ငူ) ဘက်စုံသုံး အားကစားခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိုးရာသီဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇူလိုင်လ ၁၆ ရက်မှစ၍ ကျင်းပလျက်ရှိရာ ဇူလိုင်လ ၂၅ ရက်က ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် နည်းပညာတက္ကသိုလ်(တောင်ငူ)ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမွန်နှင့် တာဝန်ရှိသူများက အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် စက်မှုအင်ဂျင်နီယာအသင်း၊ ဒုတိယဆုရရှိသည့် မြို့ပြအင်ဂျင်နီယာအသင်း၊ အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့်စက်မှုအီလက်ထရောနစ်အသင်း၊ ဒုတိယဆုရရှိသည့် ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက် နည်းပညာအသင်း၊ အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် စက်မှုအင်ဂျင်နီယာအသင်း၊ ဒုတိယဆုရရှိသည့် စက်မှုအီလက်ထရောနစ်အသင်း၊ ပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် လျှပ်စစ်စွမ်းအား အင်ဂျင်နီယာအသင်း၊ ဒုတိယဆုရရှိသည့် စက်မှုအီလက်ထရောနစ်အသင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စက်မှုအင်ဂျင်နီယာသင်တန်းမှ မောင်ဟန်ထူးအောင်၊ ဒုတိယဆုရရှိသည့် စက်မှုအင်ဂျင်နီယာသင်တန်းမှ မောင်စောထူးဂေးဂေး၊ ကြက်တောင်ရိုက်(တစ်ဦးချင်း) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာသင်တန်းမှ မောင်ဟန်မင်းထွဋ်၊ ဒုတိယဆုရရှိသည့် မြို့ပြအင်ဂျင်နီယာသင်တန်းမှ မောင်မင်းခန့်ရဲထွန်းတို့အား ဆုများအသီးသီး ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါအခမ်းအနားသို့ နည်းပညာတက္ကသိုလ်(တောင်ငူ)ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမွန်နှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြကာ အားကစားပြိုင်ပွဲကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)

# ကျုံပျော်မြို့နယ်၌ ဒေသထွက်ပီလောပီနံများ အရောင်းအဝယ်ကောင်းမွန်နေ

ကျုံပျော်  ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ဒေသထွက်ပီလောပီနံများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်းသူ၏ ပြောပြချက်အရ သိရသည်။

ကျုံပျော်မြို့နယ်၌ ဇူလိုင်လတတိယပတ်မှစတင်၍ လက်ရှိအချိန်ထိ ပီလောပီနံများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်သည်။

"လက်ရှိ ပီလောပီနံတွေပေါ်နေတဲ့အချိန်ဖြစ်လို့ အရောင်းအဝယ်ကောင်းမွန်တော့ စိုက်တဲ့တောင်သူတွေ ဈေးကောင်းရသလို လယ်ယာလုပ်သားတွေလည်း အဆင်ပြေလာတာတွေ့ရပါတယ်။ အရည်အသွေးလည်းကောင်းပါတယ်။ ဒီနှစ် ပီလောပီနံဈေးကောင်းရတာက ပြီးခဲ့တဲ့နှစ်ကထက် ပီလောပီနံစိုက်သူတွေ နည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ဖြစ်ပါတယ်" ဟု ဒေါ်ဝင်းဝင်းသူကပြောသည်။

ကျုံပျော်မြို့နယ်၌ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ပီလောပီနံအပါအဝင် တခြားရာသီပေါ်သီးနှံများကို စိုက်ပျိုးကြသည်။ လက်ရှိတွင် အဆိုပါဒေသမှထွက်ရှိသည့် ပီလောပီနံများ အရည်အသွေးကောင်းမွန်သဖြင့် ဝယ်လက်များက အများအပြားဝယ်ယူရန် ချိတ်ဆက်ကမ်းလှမ်းမှုများရှိလာကြောင်း သိရသည်။

သုတကျော်


အင်ဂါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ဂါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


STARMART အရောင်းဆိုင်များတွင် အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
MOUNT PLEASANT
PYIN OO LWIN NAN MYAING
Lemon Tea
TRISTAR
STARMART nine mile Showroom

| မှတ်သားဖွယ်ရာ မိုးရေချိန်များ ၂၆-၇-၂၀၂၆ | | | | | | | | |
|---|---|---|---|---|---|---|---|---|
| သထုံ | ၂ | ဒသမ | ၉၉ | လက်မ | သာပေါင်း | ၂ | ဒသမ | ၂၈ | လက်မ |
| ဟိုင်းကြီးကျွန်း | ၂ | ဒသမ | ၇၆ | လက်မ | အိမ်မဲ | ၂ | ဒသမ | ၂၈ | လက်မ |
| ပုသိမ် | ၂ | ဒသမ | ၆၃ | လက်မ | မြိတ် | ၂ | ဒသမ | ၁၆ | လက်မ |
| ပူတာအို | ၂ | ဒသမ | ၅၂ | လက်မ | ကော့သောင်း | ၁ | ဒသမ | ၉၇ | လက်မ |
| ညောင်ရွှေ | ၂ | ဒသမ | ၄၄ | လက်မ | မာန်အောင် | ၁ | ဒသမ | ၉၇ | လက်မ |

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံအားလုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၂၆**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၇ ထပ်အဆောက်အအုံ ၁ လုံးကိုထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် **စာမျက်နှာ ၁၇ ကော်လံ ၁ ⇛**

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် (၁၇) ထပ်အဆောက်အအုံ

ဖြိုဖျက်ပြီးပုံ





# Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း ယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၆**

Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၄ ရက်မှ ဩဂုတ်လ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်း ပါဝင်သည့် အုပ်စု(B)ပွဲစဉ်များအနက် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့် **စာမျက်နှာ ၁၆ ကော်လံ ၁ ▼**

# Fire Dragon Futsal Championship ပြိုင်ပွဲ YCDC Dream Team အသင်း ချန်ပီယံဆုဖလားဆွတ်ခူး




**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှကြီးမှူးကျင်းပသည့် Fire Dragon Futsal Championship 2026 ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ MFF Futsal Stadium ၌ YRG အသင်းနှင့် YCDC Dream Team အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ YCDC Dream Team အသင်းက ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး ချန်ပီယံဆုဖလားကိုရရှိသွားသည်။

**စာမျက်နှာ ၂၉ ကော်လံ ၄ ▲**

# Myanmar Fight(34) မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG)တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီကာ 2026 Myanmar Fight(34) မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် **စာမျက်နှာ ၂၉ ကော်လံ ၁ ⇨**



# ၄၀ ကီလိုမီတာ ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှကြီးမှူးကျင်းပမည့် FEI 1* Endurance Qualification (40 km) ၄၀ ကီလိုမီတာ ခရီးရှည်မြင်းစီးအားကစားအရည်အချင်းစစ်ပြိုင်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် မြို့ပတ်လမ်းရှိ နေပြည်တော်မြင်းစီးအားကစားကွင်း၌ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် Technical Briefing ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၅ ရက်တွင်ပြုလုပ်မည်ဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားနှင့် မြင်းများ စက်တင်ဘာလ ၂ ရက်တွင်ရောက်ရှိရမည်ဖြစ်ကာ **စာမျက်နှာ ၂၉ ကော်လံ ၁ ➥**

**မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့ Mountain Bike (MTB) လူသစ်တန်း စက်ဘီးစီးပြိုင်ပွဲကျင်းပမည်**

စာ - ၁၄ သို့

**နိုင်ငံ တကာ သတင်း**

စာမျက်နှာ - ၂၃ သို့

**နော်မန်ဒီ ဒီဒေး ကမ်းခြေများ UNESCO ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်လာ**

**ပါကစ္စတန်၌ မုတ်သုံမိုးကြောင့် သေဆုံးသူဦးရေ ၁၀၀ နီးပါးရှိလာ**

**တိုင်ဖွန်းမုန်တိုင်းနိုး တရုတ်နိုင်ငံ ကုန်တွင်းပိုင်းဝင်ရောက်**